
www.burmeseclassic.com

# ပမှိဒီရိုင်း



BURMESE CLASSIC .com

မုသား
စိလင်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၃၇၇၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၄၃၈၀၆၁၂ |
| စီစဥ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဇူလိုင်လ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | အာကာ |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန် |
| | | သင်းစာပေ (မြ-၀၄၂၃၂) |
| | | အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း၊ |
| | | လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဥ္စမံဒီရိုင်း

မုသားဖီလင် / ပဥ္စမံဒီရိုင်း – ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၁၃၀ – စာ၊ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ။

(၁) မုသားဖီလင်


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ယုံကြည်တဲ့
ဒဿနကိုကိုင်စွဲ
ကိုယ်မနှစ်သက်တဲ့အရာတွေနဲ့
ကောင်းကင်ကြီးအောက်မှာ
နေ့နေရတာ
အသက်ရှူကျပ်လှပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

စာသင်ခန်းထဲရောက်တော့ ရည်ရွယ် တော်တော်အံ့အားသင့်သွားသည်။ စာသင်ခန်းထဲမှာ ကျောင်းသားတွေ တစ်ယောက်မှမရှိလို့ဖြစ်သည်။ သူငယ်ချင်းတွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်နေသဖြင့် မထူးတော့ပါဘူး။ ကင်တင်းမှာ တွေ့လိုတွေ့ငြား တွေ့မလားဆိုပြီး ကင်တင်းသို့ စာသင်ခန်းကနေ ထွက်လာခဲ့သည်။

ကင်တင်းသို့ ရောက်လာသော်လည်း သူငယ်ချင်းတွေကို မတွေ့။ မထူးပါဘူးဆိုပြီး မုန့်ဟင်းခါးနှင့် ဘူးသီးကြော်တစ်ပွဲမှာလိုက်သည်။ စားပွဲထိုးလာချပေးသော မုန့်ဟင်းခါးနှင့် ဘူးသီးကြော်ကို စားနေရင်း ရည်ရွယ့်နှာခေါင်းထဲမှာ ဆေးလိပ်မီးခိုးနံ့တွေ ရှုမိသွားသဖြင့် ရည်ရွယ် တော်တော်ဒေါသထွက်သွားသည်။

ဘေးဝိုင်းကို ကြည့်လိုက်တော့ ကျောင်းသားနှစ်ယောက်က ပါးစပ်မှာ စီးကရက်ကိုယ်စီခဲပြီး လက်ဖက်ရည်သောက်ရင်းက အရသာခံလို့



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

"ဒီမှာ . . . နင်တို့ယဉ်ကျေးမှု နားမလည်ဘူးလား၊ ကိုယ့်ဘာသာကြိုက်တဲ့နေရာမှာ သောက်တာက ကိစ္စမရှိဘူး၊ ဒီစီးကရက်နံ့ကို ရှူမိတဲ့သူ ဘယ်လောက်အခံရခက်တယ်ဆိုတာ မသိဘူးလား"

ရည်ရွယ့်စကားကြောင့် စီးကရက်သောက်နေသည့် ကျောင်းသားက-. . .

"ဘာဖြစ်လဲ၊ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တာပဲ၊ စီးကရက်မီးခိုးငွေ့မှ မဟုတ်ဘူး၊ လေထဲမှာပါတဲ့ တခြားအနံ့တွေလည်း ရှူနေရတာပဲ၊ စီးကရက်ငွေ့က ဘာဖြစ်သွားမှာမို့လို့လဲ"

"တခြားလူတော့ မသိဘူး၊ နင်တို့ လူမှုရေးနားလည်ရတယ်"

"နားမလည်တော့ ဘာဖြစ်လဲ၊ ကိုယ့်ဘာသာကိုယ် ဆေးလိပ်သောက်တာ ကိုယ့်ရည်းစားတောင် ပြောတာမဟုတ်ဘူး၊ မဆီမဆိုင်တဲ့လူက လာအမိန့်ပေးနေသေးတယ်"

ကင်တင်းထဲမှာ ရည်ရွယ်နှင့်အပြိုင် စီးကရက်သောက်နေသည့် ကျောင်းသားက ယောကျ်ားတန်မဲ့ စကားနိုင်လုသလိုမျိုး ပြောသဖြင့် ရည်ရွယ်က တော်တော်ပေါက်ကွဲသွားပါသည်။

"ဟဲ့ . . . ရည်ရွယ် ဘာတွေဖြစ်နေတာလဲ"

ကင်တင်းထဲသို့ ရည်ရွယ်၏ သူငယ်ချင်းမသုံးယောက်က ရောက်လာရင်းမှ သန်းသန်းဆင့်က မေးလိုက်ပါသည်။

"ဘာဖြစ်ရမှာလဲဟာ၊ ဆေးလိပ်သောက်တာ ကိုယ့်ဘေးနားမှာ လူရှိလားမသိ မရှိလားမသိ မကြည့်ဘဲ မီးခိုးတွေ ဒီဘက်ရောက်လို့ ပြောရင်းက စကားများတာ"

"ကဲပါ . . တော်တော့ ကိုယ်က မိန်းကလေးဖြစ်နေတာ၊ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်ရင် ရှက်စရာကြီး"

သန်းသန်းဆင့် စကားအဆုံးမှာ စောစောတုန်းက ရည်ရွယ်နှင့် ရန်ဖြစ်သော ကျောင်းသားနှစ်ယောက်က လက်ဖက်ရည်ဖိုးရှင်းပြီး ထထွက်သွားသည်။ ရည်ရွယ့်ကို သိပ်တော့ အမြင်ကြည်သွားပုံမရ။

"ရည်ရွယ်ရာ နင်ဟာလေ တစ်ခါတလေ အဲ့ဒီလိုစိတ်ရှိတာ၊ ထပြောတာမျိုးက မဟုတ်သေးဘူး၊ နင်မကြိုက်ရင် ဝိုင်းပြောင်းထိုင်ပေါ့ ဟာ"

"ဘာလို့ပြောင်းထိုင်ရမှာလဲ ဝင်းပပရဲ့၊ နိုင်ငံတကာမှာ ဆေးလိပ်သောက်တာကို ဒီလောက်ကန့်ကွက်နေတာ၊ ငါတို့ဆီမှာ လူတွေက မီးခိုးငွေ့တွေ တဖွားဖွားနဲ့ ဆေးလိပ်မသောက်တဲ့သူတွေ ဘယ်လောက် အခံရဆိုးတယ်မှတ်လဲ၊ ဒါနဲ့ နင်တို့က ဘယ်ရောက်သွားတာလဲ၊ အတန်းကလည်း ကျောင်းသားမရှိ၊ ဘာမရှိနဲ့၊ ဘယ်လိုဖြစ်တာလဲ"

အေးအေးချစ်က ရည်ရွယ့်ကို ကြည့်လိုက်ရင်း. . .

"နင် နည်းနည်းပါးပါး မေးမကြည့်ဘူးလား၊ အတန်းက ဒီနေ့ သုံးချိန်မရှိဘူး၊ နင့်ကို စောင့်နေသေးတာ၊ ဝင်းပပက သူ့ညီမတစ်ဝမ်းကွဲရှိတဲ့ စာသင်ခန်းဘက် ခဏလိုက်ခဲ့ဆိုလို့ နင်နဲ့လွဲသွားတာ"

"ကဲပါ . . . စားစရာရှိတာ စားပြီးရင် ဒီနေ့သွားစရာရှိတာ သွားမယ်"

ဝင်းပပ စကားကြောင့် ရည်ရွယ်က . . .

"ဘယ်သွားမလို့လဲဟ"

"သွားရမယ်ဟော့၊ ငါတို့ဘဝရဲ့ အနာဂတ်ရေးရာတွေအတွက် ဗေဒင်ဆရာဆီသွားရမယ်၊ ရည်ရွယ့်လိုမျိုး လာပြီးရည်းစားစကားပြောဖို့ ပိုးဖို့ သူတွေမရှိတော့ ဗေဒင်ဆရာ အကူယူရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းပပရယ် တိုးတိုးပြောပါ၊ ဘေးလူတွေကြားရင် မိန်းကလေး သိက္ခာကျပါတယ်"

ရည်ရွှယ့်စကားကြောင့် အေးအေးချစ်နှင့် သန်းသန်းဆင့်က ပြိုင်တူရယ်လိုက်ပြီး သန်းသန်းဆင့်က . . .

"သိက္ခာကျလည်း မတတ်နိုင်ဘူးဟေ့၊ တက္ကသိုလ်တက်ပြီး မစွံဖူး ဆိုရင် အရပ်ထဲကလည်း လူအကဲ့ရဲ့တော့ မခံနိုင်ပါဘူး၊ ဒင်းတို့တွေ မစွံတဲ့သူတွေလို့ အပြောမခံနိုင်ပါဘူး"

"အင်း . . နင်တို့တွေတော့ ဆေးလိပ်သောက်၊ အရက်သောက်၊ လိမ်ညာပြောတတ်တဲ့ လူမျိုးတွေနဲ့တွေ့ရင်တော့ ပြီးပြီ"

ရည်ရွှယ်က သူငယ်ချင်းမသုံးယောက်ကို မှတ်ချက်ချလိုက်သည့် စကားသံအဆုံး ဝင်းပပက . . .

"ရည်ရွှယ် . . . နင်မကြိုက်တဲ့ဟာကို နင်နဲ့နှိုင်းပြီး ငါတို့ကို လာမပြောနဲ့၊ ယောကျ်ားဆိုတာ နင်မကြိုက်တဲ့အချက်က တစ်ချက်ချက်နဲ့ ငြိတာချည်းပဲ၊ အေး . . . ကံကောင်းရင်တော့ အဲဒါမျိုးပြစ်ချက်မရှိတဲ့ လူမျိုးနဲ့လည်း တွေ့နိုင်တာပဲ၊ ဖူးစာဆိုတာ ကိုယ်ချစ်သူနဲ့ ကိုယ်လက်တွဲ ရပေမယ့် ကံဆိုတာက ရှိသေးတယ်"

"ဝင်းပပ . . . ရည်ရွှယ့်ကို ဘာမှပြောမနေနဲ့၊ ငါတို့သွားစရာ ရှိတာ သွားမယ်၊ တော်ကြာ နောက်ကျနေလိမ့်မယ်၊ နောက်မှ ဆက်ဆွေး နွေးကြပေတော့၊ နို့မို့စကားဝိုင်းက ပြတ်မှာမဟုတ်ဘူး"

အေးအေးချစ်က ထိုင်ရာမှ ထလိုက်ရင်းက ပြောအပြီး ရည်ရွှယ် လည်း ကျသင့်ငွေကိုရှင်းပြီး ကင်တင်းကနေ ထွက်လာကြပါတော့သည်။

လူ့ဘဝကံကြမ္မာဆိုသည်မှာ ဗေဒင်ဆရာ၏ လက်ထဲမှာပဲ ရှိ လေသလားဆိုတာ ရည်ရွှယ် ကားမောင်းနေရင်းမှ စဉ်းစားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အနာဂတ်ဟာ

ဖဲချပ်တွေထဲက

ရုပ်ပုံတွေကြား

ဘဝမှာ

တစ်ထပ်တည်းဖြစ်ရောလား။

ကဲ . . . စိန်ခေါ်ပြီ

ဘယ်လိုလဲဆိုတာ

မြည်းစမ်းကြည့်ပစ်လိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ပေဒင်ဆရာမက သူမရှေ့မှာ ရည်ရွှယ် ဆွဲယူထားပေးသည့် ဖဲချပ်တွေကိုကြည့်ပြီး ရည်ရွှယ်၏အနာဂတ်တွေကို ပြောပြနေပါသည်။ သူငယ်ချင်းမသုံးဦး တားရော့ပေဒင်ဟောခန်းသို့ ရောက်လာပြီး သူတို့ မေးချင်တာတွေ မေးလို့ဝသဖြင့် နောက်ဆုံးကျန်သူ ရည်ရွှယ့်အလှည့်မှာ ပေဒင်ဆရာမ မည်သို့ဟောပြောလေသလဲဆိုတာကို စိတ်ဝင်တစား နားထောင်လို့နေပါသည်။

"ဘာမေးချင်သေးလဲ . . . ပြောပါ"

ပေဒင်ဆရာမက တားရော့ဖဲချပ်ရုပ်ပုံတွေကို ကြည့်နေသော ရည်ရွှယ့်အား မေးလိုက်ပါသည်။

"ကျွန်မချစ်သူကို ဘယ်မှာတွေ့နိုင်မလဲ၊ ကျွန်မရဲ့ဖူးစာဖက်ပေါ့"

"ဒါဆိုရင် ကြိုက်တဲ့ဖဲချပ်တစ်ချပ်ကို ဆွဲလိုက်"

ရည်ရွှယ်က ပေဒင်ဆရာမရှေ့မှာ မှောက်ပြီးဖြန့်ထားသော ဖဲချပ်



www.burmeseclassic.com

www.burmeseclassic.com



များထဲမှ ဖဲချပ်တစ်ချပ်ကို ဆွဲယူလိုက်သည်။

"ကိုယ်ဆွဲတဲ့ ဖဲချပ်အတွက် ကိုယ့်ဘာသာကိုယ် လှန်ကြည့်လိုက်"

ရည်ရွှယ်က ဖဲချပ်ကို လှန်လိုက်သည့်အခါ Sun ဆိုသော နေမင်းပုံကားချပ်ဖြစ်နေပါသည်။

"မင်းကို မွေးဖွားတုန်းက ရေတွေဝိုင်းရံနေတဲ့ အနီးနားမှာ ဖြစ်ရမယ်၊ ဒီတော့ မင်းဘဝရဲ့ ဖူးစာရှင်ကို ရေရှိတဲ့နေရာမှာပဲ မင်းတွေ့ရလိမ့်မယ်"

ရည်ရွှယ် အံ့အားသင့်သွားပါသည်။ ဟုတ်တာပေါ့။ ရည်ရွှယ့်ကို မွေးဖွားခဲ့တုန်းက ရှမ်းပြည်နယ်၊ အင်းလေးကန်သို့ အလည်သွားရင်း ရည်ရွှယ်၏ ကိုယ်ဝန်လွယ်ထားရသော မိခင်ဖြစ်သူ ဗိုက်နာလာသဖြင့် ရည်ရွှယ့်ကို အင်းလေးကန်ထဲမှာပဲ တည်းသည့်အိမ်မှာ ဆရာဝန်ခေါ်ပြီး မွေးဖွားခဲ့ရလို့ပဲ ဖြစ်သည်။

"ကျွန်မတွေ့မယ့် ဖူးစာရှင်ဟာ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တစ်ယောက် ဖြစ်မလား၊ ဥပမာပေါ့ . . . ဆေးလိပ်မသောက်တာတို့၊ အရက်မသောက်တာတို့၊ လိမ်မပြောတာတို့မျိုးပေါ့"

ရည်ရွှယ်က ထပ်မံသိချင်လာသဖြင့် ဗေဒင်ဆရာမကို မေးလိုက်သည့်အခါ အနီးအနားရှိနေသော သူငယ်ချင်းမသုံးဦးက မသိမသာ ပြိုင်တူမျက်စောင်းထိုးပြီး ပြုံးလိုက်ပါသည်။

"နောက်ထပ်ဖဲချပ်တစ်ချပ်ကို ထပ်ဆွဲလိုက်၊ ဒီဖဲချပ်ဟာ မင်းမေးတဲ့မေးခွန်းရဲ့ နောက်ဆုံးအဖြေပဲ"

ရည်ရွှယ်က ဖြန့်ခင်းထားသော ဖဲချပ်များထဲမှ ဖဲချပ်တစ်ချပ်ကို ထပ်မံဆွဲယူလိုက်ပြန်ပြီး ဖဲချပ်ကို လှန်ကြည့်လိုက်သည့်အခါ Lovers ဆိုသည့် ဖဲချပ်ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာသွားပြီ၊ မင်းဟာ ရှေ့လဆယ့်ငါးရက်နေ့ ရေရှိတဲ့ နေရာတစ်နေရာမှာ နေ့လယ်ဆယ့်နှစ်နာရီမကျော်ခင် မင်းရဲ့ဖူးစာရှင်ကို တွေ့မယ်၊ သူက တူရိယာပစ္စည်းတစ်ခုခုကို ကိုင်ထားမယ်၊ ဦးထုပ်ဆောင်း ထားမယ်၊ တီရှပ်အပြာဝတ်ထားမယ်၊ ဘောင်းဘီရှည်နဲ့ မင်းလာရာလမ်း ဘက်ကို မျက်နှာမူနေမယ်"

"ဒါဆို သူက လာခြင်းကောင်းသော ချစ်သူပေါ့နော်"

ရည်ရွယ့်အမေးစကားကြောင့် ဗေဒင်ဆရာမက ရည်ရွယ့်ကို ကြည့်လိုက်ပြီး . . .

"လာခြင်းကောင်းသလား၊ မကောင်းသလား ဆိုတာကတော့ မင်းကို မင်းရဲ့ကံတရားက ခေါ်ဆောင်သွားမှာပါ၊ သေချာတာကတော့ မင်းသိချင်နေတဲ့ အဖြေကို မင်းတွေ့ရမှာပဲလို့"

ရည်ရွယ် ဘာမှထပ်မမေးတော့ပါ။ ဗေဒင်ဆရာမပြောကြားသည် များကို အိမ်ရောက်မှ ဒိုင်ယာရီစာအုပ်ထဲမှာ အသေးစိတ်ရေးသားရမည် လို့ . . .။

❑

"အချစ်မရှာဘူး၊ မရှာဘူးနဲ့ ရည်ရွယ်တို့တော့ မထင်မှတ်ဘဲ အချစ်ကိုတွေ့ပြီး အိုရတော့မှာပဲ"

ဗေဒင်မေးပြီး ပြန်လာလို့ လမ်းရောက်သည့်အခါ အေးအေးချစ် က ရည်ရွယ့်ကို ဇလိုက်ပါသည်။

"ငါ့ရဲ့အနာဂတ်ဟာ ဗေဒင်ဆရာမဟောလိုက်တဲ့တားရော ဖဲချပ်ထဲက ရုပ်ပုံတွေကြောင့် ဘဝဟာ တစ်ထပ်တည်း ဖြစ်ရောလား။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကံကို ငါပြန်စိန်ခေါ်ကြည့်မယ်၊ ဘယ်လိုလဲဆိုတာ မြည်းစမ်းကြည့်ရတာပေါ့"

"ရည်ရွှယ် . . . နင့်ဖူးစာရှင်ဟာ ရေနဲ့နီးနီးနားနားမှာ တွေ့ရမယ်ဆိုတော့ မဟုတ်မှလွဲရော နင်အင်းလျားကန်ဘောင်ရိုးတို့ ကန်တော်ကြီးတို့ မသွားနဲ့၊ အဲဒီနားမှာ စျေးရောင်းနေတဲ့ အသားမည်းမည်း ဗိုက်ရွှဲရွှဲ ကုလားကြီးတွေနဲ့တွေ့ရင် ပွဲကပြီးပြီ"

ဝင်းပပက နောက်လိုက်သဖြင့် ရည်ရွှယ်က . . .

"အခုချိန်မှာတော့ နင်တို့ကြိုက်သလို ပြောပေါ့၊ ငါကတော့ ဘယ်ရေနဲ့နီးတဲ့နေရာ ငါက သွားရလို့ ဘယ်လိုတွေ့မလဲဆိုတာကိုပဲ စိတ်ဝင်စားနေမိတယ်၊ အဲဒါတွေကနေ ဘယ်လိုခံစားမှုမျိုးတွေ ပေးနိုင်မလဲပေါ့"

"နင်က ဘယ်လိုခံစားမှုတွေ ရှိချင်လို့လဲ"

သန်းသန်းဆင့်က မေးလိုက်သည့်အခါ . . .

"နင်တို့မသိတဲ့ ရည်မှန်းချက်တစ်ခု ငါ့မှာရှိတယ်၊ ငါ့ဘဝရဲ့ ချစ်သူအဖော်မွန်ဟာ ဘာအစွန်းအထင်းမှ မရှိတဲ့သူမျိုး၊ မလိမ်မညာ မူးယစ်ဆေးဝါးမသုံးစွဲတဲ့သူ၊ ကိုယ်ကျင့်တရားကောင်းကောင်းလေးနဲ့ သူနဲ့ငါ ဘဝတစ်ခုတည်ဆောက်မယ်၊ ဥရောပဆန်တဲ့ တိုက်အိမ်လေးနဲ့ ခြံဝင်းထဲမှာ အတူနေထိုင်ရင်း ချစ်စရာကောင်းတဲ့ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက် မွေးမယ်၊ ဘဝကို ပျော်ရွှင်စွာနဲ့ ဖြတ်သန်းမယ်၊ အဲဒါ ငါ့ရဲ့မျှော်လင့်ချက်ပဲ၊ ငါ့ကံက ငါ့ကို အဲဒီလိုမျိုး ပေးမလား၊ အဲဒါကို ငါစိတ်အဝင်စားဆုံးပဲ"

အေးအေးချစ်က ရည်ရွှယ့်စကားအဆုံးမှာ . . .

"ရည်ရွှယ်ရယ် နင်တို့က ချမ်းသာတာပဲဟာ၊ နင်ဖြစ်ချင်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ရတာပဲ၊ ဒါပေမယ့် နင့်ရည်ရွယ်ချက်က မဖြစ်လာဘူးလို့ ပြောလို့ရတာမှ မဟုတ်တာ၊ နင် ကံကောင်းမှာပါ"

ရည်ရွယ် ဘာစကားမှ ပြန်မပြောတော့ပါ။

ဗေဒင်ဆရာမ ပြောသလိုမျိုး သူမနှင့်ဆုံတွေ့ရမည့် ဖူးစာရှင်ဟာ ယခုအချိန်မှာ ဘာတွေဘယ်လိုလုပ်နေသလဲဆိုတာ မဆီမဆိုင် လျှောက်စဉ်းစားနေမိတွေးနေမိပါသည်။

မြားနတ်မောင်ကလည်း လေးညှို့ကိုကိုင်ရင်း ပစ်ကွင်းကို အခုလောက်ဆို ချိန်လောက်ပါပြီလို့ . . .။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လောဘ ဒေါသ မောဟတွေနဲ့
စီးချင်းထိုးနေမယ့်အစား
ကျွန်တော်တော့လေ
ဟိုယ့်ဝါသနာနဲ့ကိုယ်
ပျော်ပျော်ကြီး သုခဘုံမှာ
စံစားတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ဘီယာဆိုင်ထဲက တိုင်မှာချိပ်ထားသည့် တိုင်ကပ်နာရီကိုကြည့် တော့ ညဆယ်နာရီရှိပြီ။ ဆိုင်ထဲမှာ လူတောင် နည်းနည်းရှင်းနေပြီ ဖြစ်သည်။ သို့သော် စားပွဲဝိုင်းတစ်ဝိုင်းမှာတော့ ဝိုင်းက အခုထိ မပြီး သေးပါ။ စားပွဲပေါ်မှာ ဘီယာခွက်တွေက ဆိုင်ထဲကခွက်တွေ အကုန်လုံး စုပုံထားသလိုမျိုး ဖြစ်နေသည်။ စီးကရက်မီးခိုးငွေ့တွေကလည်း မီးရထား စက်ခေါင်းက ထွက်ပေါ်လာသလိုမျိုးဖြစ်နေပြီး ပတ်ဝန်းကျင်ကို အနှောင့် အယှက်ပေးသလိုမျိုး ဖြစ်နေပါသည်။

"ဘုန်းမြတ် . . . မင်းဆေးလိပ်သောက်တာ ရပ်ပါဦးကွာ၊ ဆိုင် ထဲရောက်ကတည်းက ဘီယာသောက်လိုက်၊ ဆေးလိပ်သောက်နဲ့ မင်း ဆေးလိပ်သောက်တာ တော်တော်များနေပြီ"

လက်ကျန်,ကျန်နေသေးသည့် စီးကရက်သုံးပုံတစ်ပုံခန့်ကို ဘုန်းမြတ် သုံးလေးဖွာ ဆက်ဖွာလိုက်ပြီး စီးကရက်ဆေးလိပ်ပြာခွက်ထဲ

www.burmeseclassic.com



ထိုးချေလိုက်ပြီး ဘီယာခွက်ကို တစ်ကျိုက်မော့ချလိုက်ကာ ဘုန်းမြတ်က သူ့ကို သတိပေးသော သိန်းစိုးကို ကြည့်လိုက်သည်။

"ဘာဖြစ်လဲ သိန်းစိုးရာ၊ ငါတို့ပိုက်ဆံနဲ့ သောက်တာ၊ ဘယ်သူ့ကို ဒုက္ခပေးလို့လဲ၊ ငါက စီးကရက်ကို ကြိုက်သလို ဘီယာလည်း ကြိုက်တာပဲဟာ၊ ဒီနှစ်ပြီးရင် ဘွဲ့ရပြီ၊ ငါတို့ကြိုက်လို့သောက်တာ ဘယ်သူ့ကို ဒုက္ခပေးလို့လဲ"

"ဘုန်းမြတ် . . . သိန်းစိုးပြောတာ မှန်တယ်၊ ရေရှည်ဒီအတိုင်းဆို မင်းရောဂါရမှာစိုးလို့ ငါတို့က သတိပေးတာ၊ မင်းက သူဌေးသားဖြစ်တော့ မင်းတိုက်တဲ့ဟာတွေ သောက်ရပေမယ့် ဒါမျိုးက တစ်ခါတလေပဲ ကောင်းတယ်"

ဘုန်းမြတ်က ဝင်းကို၏စကားကို နားထောင်နေရင်းမှ ဘီယာ တော်တော်မူးနေသော တင်မြင့်ဦးအား အကဲခတ်လိုက်သည်။

သူ့ခမျာ မျက်လုံးကို မနည်းအားယူဖွင့်နေရသည်။ ပြီးတော့ တစ်ခုခုကို ပူပန်သလိုမျိုးလည်း ဖြစ်နေသည်။ ဒါကို ဘုန်းမြတ်ကောင်းကောင်းအကဲခတ်မိသွားသည်။

"တင်မြင့်ဦး ကောင်းနေပြီလား၊ မင်းရဲ့မျက်နှာ ဘာအလိုမကျဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ ဘုန်းမြတ်ရ၊ အိမ်ပြန်ချင်ပြီ၊ ဘီယာက မူးနေတာ၊ အိမ်က မေးတော့မယ်၊ ကျောင်းစာမလုပ်ဘဲ ဘီယာဆိုင်တော့ သွားတယ်၊ ဘာညာဆိုပြီး ငါ့အဖေက ပြောရင်း နားရင်းအုပ်မှာကွ၊ ဘယ်လိုဖြေရှင်းရမှန်းမသိဘူး၊ ငါ့အဖေရိုက်ချက် ရာသီဥတုသုံးပါး အချိန်မရွေးဘူး"

တင်မြင့်ဦး စကားကြောင့် ဘုန်းမြတ် ပြုံးလိုက်ပါသည်။ သည်



www.burmeseclassic.com

www.burmeseclassic.com



အသက်၊ သည်အရွယ် မိဘကိုတော့ တင်မြင့်ဦး ကြောက်တတ်ပါလားလို့။

"တင်မြင့်ဦး . . . မင်း ဘာမှမပူနဲ့၊ ငါအကြံပေးတဲ့အတိုင်း လုပ်စမ်းပါ"

"ဘုန်းမြတ် . . . မင်း ဒီကောင့်ကို သိပ်မကြပ်နဲ့နော်၊ သူ့အိမ်မှာက ရှော့ခ်ရှိတယ်"

သိန်းစိုးက တင်မြင့်ဦးဘက်ကနေ စိုးရိမ်တကြီးဖြင့် ဝင်သတိပေးပါသည်။

"ဘာမှမဖြစ်ဘူး . . . ကောင်းတဲ့အကြံပေးမှာပါ၊ ငါမူးလို့ပြောတာ မဟုတ်ဘူး၊ တင်မြင့်ဦး ဒီလိုလုပ်၊ မင်းရဲ့ အသိတစ်ယောက်ယောက် နာရေးရှိလို့ ဝင်ကူညီပေးနေရင်းက နာရေးကိစ္စပင်ပန်းလို့ နာရေးရှင်ရဲ့တူက တစ်ခွက်တစ်ဖလား ဘီယာသောက်ပါဆိုလို့ သောက်လိုက်ရတယ်ဆိုပြီး အကြောင်းပြ၊ ဘယ်သူမဆို နာရေးဆို ခွင့်လွှတ်ပါတယ်ကွာ"

ဘုန်းမြတ်စကားကြောင့် တင်မြင့်ဦးတစ်ယောက် မျက်လုံးတွေ ဘာတွေ ကျယ်သလို ဖြစ်သွားပါသည်။

"ကောင်းလိုက်တဲ့ အကြံကွာ၊ ဘုန်းမြတ် ဒီလောက်ဆို ငါသဘောပေါက်ပြီ၊ ကဲ . . . မင်းတို့လက်ကျန်တွေ အမြန်ရှင်းတော့၊ နက်ဖြန် ကျောင်းပိတ်တဲ့ရက်ဆိုတော့ တော်သေးတာပေါ့၊ ချကွာ . . မြန်မြန်လေး"

တင်မြင့်ဦးက ပွဲကိုအမြန်ဖြတ်ခိုင်းသဖြင့် ဝင်းကိုကော သိန်းစိုးပါ လက်ကျန်ဘီယာကို ပြိုင်တူမော့ချပါသည်။ ဘုန်းမြတ်ကတော့ စီးကရက်တစ်လိပ်ကို မီးညှိနေရင်းမှ စားပွဲထိုးဆီက ဘီလ်စာရွက်တောင်းလိုက်ပါသည်။

ဘုန်းမြတ်တွေးနေမိပါသည်။ တင်မြင့်ဦးတစ်ယောက် အိမ်ပြန်ရောက်လျှင် မည်ကဲ့သို့ အကြောင်းပြလေမည်လဲလို့။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ် မှုတ်ထုတ်လိုက်သော စီးကရက်မီးခိုးတွေက လေထဲမှာ ဝေ့ဝဲလို့ . . .။

❑

တင်မြင့်ဦး အိမ်သို့ရောက်ရောက်ချင်းမှာပဲ ဖခင်ဖြစ်သူ ဦးဘမြင့်က အိမ်ပေါက်ဝကနေ သုန်မှုန်သောမျက်နှာနှင့် ဆီးကြိုနေသည်ကို တွေ့မြင်ရသည်။ တင်မြင့်ဦးအဖို့ သူ၏ဖခင်ကို မြင်တွေ့ရသည်မှာ ဝမ်းနှုတ်ဆေးစားထားသူတစ်ယောက် ဝမ်းမသွားသေးသဖြင့် မအီမလည် ခံစားနေရသည့် ပုံစံမျိုးဖြစ်နေပါသည်။

တင်မြင့်ဦး အားတင်းလိုက်ပါသည်။ ဘုန်းမြတ် အကြံပေးသလိုမျိုး နည်းနည်းတော့ မုသားပါတာ သုံးရတော့မည်လို့။

လူကလည်း ဘီယာအရှိန်တက်သဖြင့် မူးယစ်ရီဝေနေရုံမက ထိုးအိပ်ချင်စိတ်ပေါက်နေပါသည်။

"တင်မြင့်ဦး ဘယ်အချိန်ရှိပြီလဲ၊ ဘာလို့အခုမှ ပြန်လာသလဲ၊ မင်းတော့ကွာ၊ အရက်တွေသောက်လာတယ် ဟုတ်လား၊ ဟော့ကောင် . . . လာစမ်းပါဦး၊ ငါ့မှာ အိပ်ချိန်တန် မအိပ်ရနဲ့"

တင်မြင့်ဦးဖခင် ဦးဘမြင့်က တင်မြင့်ဦးအိမ်ပြန်နောက်ကျတိုင်း ပြောနေကျလက်သုံးစကားကို ဒေါသသံပါပါဖြင့် ကီးမြှင့်လိုက်ပါသည်။

"အဖေကလည်း နောက်ကျချင်လို့ နောက်ကျတာ မဟုတ်ဘူး၊ နောက်လမ်းက ဦးသန်းဝင်းဆုံးလို့ အလုပ်တွေရှုပ်ကုန်တာ"

"ဟေ . . . သန်းဝင်းသေပြီ ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ ငါမနက်ကတောင် တွေ့လို့မေးတော့ ဒီနေ့သူ ငါ့ဆီမလာတော့ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောသေးတယ်”

ဦးဘမြင့်က မထင်မှတ်ဘဲ ကြားလိုက်ရသဖြင့် အံ့အားသင့်နေပါသည်။

“ဟုတ်တယ် အဖေ၊ မထင်မှတ်ဘဲ ရှော့ခ်ဖြစ်သွားတာ၊ အဖေတို့ကိုတောင် ပြောချိန်မရဘူး၊ ကျွန်တော်က အိမ်ကိုပြန်လာတာနဲ့တွေ့တော့ ညနေတုန်းက သူ့သားတွေနဲ့ ဝိုင်းလုပ်ပေးရ ဘာနဲ့ညာနဲ့ သူ့သားတွေကလည်း သူ့အဖေ မထင်မှတ်ဘဲ ကွယ်လွန်လို့ ပေါက်ကွဲပြီး ဦးသန်းဝင်းရုပ်ကလာပ် အအေးတိုက်ပို့အပြီး ဘီယာလိုက်တိုက်လို့ ကျွန်တော်လည်း လိုက်သောက်ရတာ”

“သွားပါပြီကွာ၊ ငါ့ရဲ့သူငယ်ချင်းကောင်းတစ်ဦး ဆုံးရှုံးသွားပြီ၊ ငါ့ကို သူ့အိမ်ကလာပြီး အသိပေးသင့်တာ၊ မနက်မှပဲ သွားတော့မယ်၊ မင်းလည်း အိပ်တော့”

တင်မြင့်ဦး တော်တော်ဝမ်းသာသွားပါသည်။ ဘုန်းမြတ်ပေးသော အကြံကတော့ ကွက်တိပဲလို့။ ဖခင်ဖြစ်သူ ဦးဘမြင့်ခမျာ ဘာအပြစ်တင်စကားမှ မဆိုနိုင်။ သူ့အား အိမ်ပြန်နောက်ကျတိုင်း ဥတုသုံးပါးမရွေး လက်စွမ်းပြသော နားရင်းအုပ်ဖို့ ရိုက်ချက်အစဥ်အလာကို မထိန်းသိမ်းနိုင်ဘဲ အိမ်တံခါးကိုပိတ်ကာ ဆေးပေါ့လိပ်ဖွာပြီး သူငယ်ချင်းဖြစ်သူ ဦးသန်းဝင်းအတွက် အပူအပြင် ခံစားလို့နေပါသည်။

သည်အချိန်မှာ တင်မြင့်ဦးတစ်ယောက်ကတော့ ဘီယာမူးသည့်အရှိန်နှင့် အိပ်ယာပေါ်ရောက်ရောက်ချင်း အိပ်ပျော်သွားတာ ဘာဆိုဘာမှ မသိတော့ပါ။

❑



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘမြင့် . . . ကိုဘမြင့်ရေ လက်ဖက်ရည်ဆိုင်သွားမယ်၊ ဘယ်လိုဖြစ်လို့ အိပ်ယာထနောက်ကျနေတာလဲ"

အိမ်ရှေ့ခြံတံခါးဝကနေ အော်ခေါ်သံကြောင့် ဦးဘမြင့်အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"ဘယ်သူလဲဗျို့"

"ဟာ . . . သန်းဝင်း၊ ခင်ဗျား . . . ခင်ဗျား"

မထင်မှတ်ဘဲ ဦးသန်းဝင်းကို မြင်လိုက်ရသဖြင့် ဦးဘမြင့်တစ်ယောက် ဦးသန်းဝင်းအား လက်ညှိုးထိုးရင်းမှ အံ့အားတသင့် ထိတ်လန့်တကြား ဖြစ်သွားပါသည်။

"ဘယ်လိုဖြစ်တာလဲ ကိုဘမြင့်ရဲ့၊ ခါတိုင်းလည်း ခင်ဗျားကို လက်ဖက်ရည်သောက် လာခေါ်နေကျပါ"

"မဟုတ်သေးပါဘူး၊ ခင်ဗျားသေပြီဆိုပြီး ကျုပ်သားက ညက ပြောလို့ ခင်ဗျားမထင်မှတ်ဘဲဆုံးတာ ကျုပ်သားကတောင် ခင်ဗျားရဲ့ သားတွေနဲ့ ခင်ဗျားရဲ့ရုပ်အလောင်းကို အအေးတိုက်ရောကအောင်ပို့၊ ခင်ဗျားသားတွေက ယူကျုံးမရ ဝမ်းနည်းလွန်းလို့ ကျုပ်သားနဲ့ ဘီယာတွေ ဘာတွေသောက်လို့ ကျုပ်သားတင်မြင့်ဦး ညဥ့်နက်မှ အိမ်ပြန်ရောက်လာတာ"

ဦးဘမြင့်စကားကြောင့် ဦးသန်းဝင်းတစ်ယောက် သူ့လက်နှင့်သူ့နဖူး ပြန်ရိုက်ရင်းမှ . . .

"ဘယ်ကလာ သေရမှာလဲဗျာ၊ ဖွဟဲ့ . . . လွဲပါစေ၊ ဖယ်ပါစေ၊ ဒီလောက်ဒေါင်ဒေါင်မြည်နေတာ၊ ခင်ဗျားရဲ့သား မူးပြီး ပြောချင်ရာပြောတာနေမှာပေါ့"

"ဒီကောင် ဒါမျိုး လိမ်စရာလား၊ ပြောစရာလား၊ တွေ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တော့"

"ဟော့ကောင် . . . တင်မြင့်ဦး"

ဦးဘမြင့်တစ်ယောက် ဒေါသထွက်ရင်းမှ အိပ်ယာမှမထသေးသော တင်မြင့်ဦးအိပ်နေသည့် ခြင်ထောင်ကြိုးတွေကို ဆွဲဖြုတ်ပြီး ဥတုသုံးပါးမရွေး လက်စွမ်းပြခဲ့သော နားရင်းရိုက်ချက်ဖြင့် ရိုက်နှက်ရုံသာမက ဖနောင့်နှင့်ပါ ပေါက်သဖြင့် အိမ်သားတွေကော ဦးသန်းဝင်းကပါ ဝင်ဆွဲရပါတော့သည်။

တင်မြင့်ဦးကတော့ ဖခင်ဖြစ်သူ၏ ရိုက်ချက်တွေကို ခံစားရင်း အကြံပေးကောင်းသော ဘုန်းမြတ်ကို စိတ်ထဲကနေ ကျိန်ဆဲနေပါတော့သည်။

❑

အိမ်အပြင်ဘက်မှာတော့ ရာသီဥတု ကြည်လင်ဝင်းပနေသည်။ ခြံဝင်းထဲက သစ်ပင်တွေ၏ ကိုင်းဖျားထက်မှာ ငှက်ကလေးတွေက သာသာယာယာဖြင့် သီဆိုမြူးတူးနေကြသည်။ သို့သော် ဘုန်းမြတ်အဖို့တော့ ညက ဘီယာတော်တော်မူးသဖြင့် အိပ်ယာထလာတော့လည်း ခေါင်းကမကြည်။ ရေချိုးခန်းသွားပြီး ရေအဝချိုးပြီးလည်း ခေါင်းက နောက်နေသည်။ အရေးထဲ ဆေးလိပ်က သောက်ချင်လာသဖြင့် စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာနေမိသည်။

"ဒယ်ဒီ့သားလိမ္မာ လူတော်လေးတောင် နိုးလာပြီ၊ ဆေးလိပ်တွေဘာတွေ ဖွာနေပုံထောက်ရင် ဒီနေ့ဘယ်ကိုသွားပြီး ဘာလုပ်မယ်ဆိုတဲ့ အစီအစဉ်ရှိနေလို့လဲဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ်ရှိနေသည့် နေရာသို့ ဖခင်ဖြစ်သူ ဦးကောင်းမြတ်က ရောက်လာရင်းမှ မေးလိုက်သည်။

ဘုန်းမြတ်ကောင်းကောင်းသိတာပေါ့။ သည်လိုမေးတာက ဖခင်ဖြစ်သူ ဦးကောင်းမြတ် ရွဲ့ပြီးမေးလိုက်တာလို့။

"အဲဒါကိုပဲ ကျွန်တော် စဉ်းစားနေတာ ဒယ်ဒီရ၊ ကျောင်းပိတ်တော့ ဘာလုပ်ရင်ကောင်းမလဲလို့"

"ဘာလုပ်ရင်ကောင်းမလဲ ဟုတ်လား၊ လုပ်စရာတွေမှ အများကြီးရယ်၊ ဒယ်ဒီ့ရဲ့အလုပ်တွေ ဝိုင်းကူပါလားကွ၊ ဒါဆို ဒယ်ဒီသက်သာတာပေါ့"

ဘုန်းမြတ်က လက်ကျန်စီးကရက်ကို ဖွာလိုက်ပြီး ဆေးလိပ်ပြာခွက်ထဲ ထည့်လိုက်သည်။

"အလုပ်ဆိုတာ ဘယ်အချိန်လုပ်လုပ်ပါ ဒယ်ဒီရာ၊ ကျွန်တော့်အဖို့ ကဲပါရစေဦး"

ဘုန်းမြတ် စကားကြောင့် ဦးကောင်းမြတ် တော်တော်စိတ်ပျက်သွားပါသည်။

"သားတစ်ယောက်တည်းဆိုပြီး အလိုလိုက်မိတာ မှားပြီလား မသိဘူး၊ ဒါနဲ့ ညက သားဘီယာတော်တော်မူးလာတယ် ထင်တယ်၊ အိပ်ရင်းနဲ့လည်း ချောင်းတွေဆိုးလို့ ဆေးလိပ်တွေသောက်တယ်ထင်တယ်၊ လျှော့ပါဦးကွာ၊ ကျန်းမာရေးထိခိုက်မယ်"

"ဒယ်ဒီကလည်း သူငယ်ချင်းတွေနဲ့ဆိုတော့ ပျော်သွားလို့ပါ"

ဦးကောင်းမြတ်က ဘုန်းမြတ်ကို ကြည့်လိုက်ရင်း. . .

"သားရယ် ဘီယာတို့ ဆေးလိပ်တို့ကို ဖြတ်ပါလား၊ တော်ကြာ သားစွဲသွားရင် ဖြတ်ရခက်မယ်၊ ဘီယာဆိုတာ ဘုရားဟောတရားနဲ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင် အရက်ပဲ၊ ဘာမှမထူးဘူး၊ အဆိုးဆုံးရန်သူပဲလေ"

ဘုန်းမြတ်က ဖခင်ဖြစ်သူ ဦးကောင်းမြတ် တရားချပြီး ဆိုဆုံးမနေတာ စကားစမြန်မြန်ဖြတ်ရတော့မည်လို့။

"ဒယ်ဒီပြောတာ မှန်ပါတယ်၊ ဒယ်ဒီပြောတဲ့ ဘုရားဟောတရားအရ ပြန်ပြောရရင် သားတို့က သားတို့ရဲ့ရန်သူကို မေတ္တာထားရမယ်လေ၊ ဟုတ်ဖူးလား၊ ဒါကြောင့် မေတ္တာထားပြီး သောက်နေတာ၊ သုံးဆယ့်တစ်ဘုံထဲမှာ လူ့ဘုံပဲ ဘီယာတို့ အရက်တို့ ဆေးလိပ်တို့ ရတာလေ၊ ဟုတ်ဖူးလား"

ဘုန်းမြတ်စကားကြောင့် ဦးကောင်းမြတ် ဒေါသထွက်သွားသလားမသိ။ မျက်နှာမှာ မိတ်ကပ်လူးထားသလိုမျိုး နီရဲသွားပါသည်။

"သား . . . တော်တော့၊ ထောင်တန်တဲ့စကား ရယ်ပေါ့အောင် မလုပ်နဲ့၊ မိဘက ဆိုဆုံးမတာကို သားက နောက်ချင်ပြောင်ချင်သေးတယ်၊ ငရဲကြီးလိမ့်မယ်၊ အင်း . . . တစ်နေ့ သားနောက်တာ ပြောင်တာတွေ သားရဲ့ကလိတတ်တဲ့ ညာဉ်တွေကြောင့် ဒုက္ခမရောက်ပါစေနဲ့လို့ ဒယ်ဒီဆုတောင်းပေးရတော့မယ်"

"ဒယ်ဒီရယ် . . . သားက လောဘ ဒေါသ မောဟတွေနဲ့ စီးချင်းထိုးပြီး မနက်မိုးလင်းလာကတည်းက လူတွေကို အသုံးချပြီး စီးပွားရှာကိုယ့်အတွက် ကိုယ်လုပ်နေတာမှ မဟုတ်တာ၊ ကိုယ့်ဝါသနာနဲ့ ကိုယ်နေတာပဲဟာ၊ ဘာဒုက္ခရောက်စရာရှိလဲ"

"အေးပါ၊ မရှိရင်လည်း ပြီးတာပေါ့လေ"

ဦးကောင်းမြတ်က ဘုန်းမြတ်အနီးကနေ ဘုန်းမြတ်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်း ထွက်သွားပါသည်။

ဘုန်းမြတ်ကတော့ နောက်ထပ်စီးကရက်တစ်လိပ်ကို ထပ်ပြီး မီးညှိလိုက်ကာ အိမ်ထဲကနေ ခြံဝင်းထဲက သစ်ပင်တွေပေါ်မှာ တေးသီ



www.burmeseclassic.com

www.burmeseclassic.com



ကြွေးနေသော ငှက်တွေကို ကြည့်နေမိပါသည်။

သည်လိုမြင်ကွင်းမျိုးက သဘာဝတရားအစစ်မို့ ကြည့်လို့အံတော် ကြည်နူးစရာကောင်းသားလို့။

သဘာဝတရားကြီးကို ခံစားကြည့်ရှုဖို့ မေ့လျော့သူတွေ မည်မျှ တောင် ရှိလေပြီလဲ မသိပါ။

❑

စာသင်ချိန်ပြီးသွားလို့ ဝင်းကိုက ကင်တင်းသွားဖို့လုပ်ပေမယ့် သိန်းစိုးက မသွားချင်သဖြင့် စာသင်ခန်းရှေ့က ကော်ရစ်ဒါစင်္ကြန်အုတ်ခုံ ဘောင်ပေါ်မှာပဲ ဘုန်းမြတ်တို့တတွေ ထိုင်နေမိသည်။ ဖြတ်သွားဖြတ်လာ ကျောင်းသူတွေကို သိန်းစိုးက ငေးနေပြီး အပီအားပေးနေသည်။

တင်မြင့်ဦးကတော့ ဘုန်းမြတ်ကို မကျေနပ်သည့် အကြည့်နှင့် ကြည့်ပြီး ဟိုတစ်နေ့က ဘုန်းမြတ်အကြံပေးသည့်ကိစ္စကို အစာသိပ်မကြေ သေးပါ။

"တင်မြင့်ဦးရာ မင်းက ယောက်ျားကြီးတန်မယ့် ဒီပုံစံကြီးနဲ့ ထိုင်မနေနဲ့၊ ဖြတ်သွားဖြတ်လာ ကျောင်းသူတွေက ဝမ်းချုပ်လို့ မျက်နှာ သုန်မှုန်ပြီး ထိုင်နေတာဆိုပြီး ထင်နေဦးမယ်"

ဝင်းကိုက တင်မြင့်ဦး စိတ်မကြည်မှန်းသိသဖြင့် ဒေါသတပ် ထွက်အောင် မီးထိုးပေးလိုက်သည်။

"အဲဒီအကြောင်းကို ပြန်စဉ်းစားတိုင်း ငါ တမြေ့မြေ့ နာကျင် စူးရှကွဲအက်ကြေမွရတယ်၊ ငါ့အဖေရဲ့ နားရင်းအုပ်ချက်က ခုထိ ကြက်ပိုး တွေ နာနေတုန်းပဲ၊ ဒီကြားထဲ ကျောကုန်းကို ခြေထောက်နဲ့ကန်တဲ့ အမေ့



www.burmeseclassic.com

www.burmeseclassic.com



ခြေရာက အခုထိနာကျင်လို့ ကောင်းတုန်းကွ"

"ဩော် . . . မင်းခမျာ တော်တော်အပြင်းစားရိုက်ချက်တွေနဲ့ ကြုံခဲ့ရတာကိုး၊ ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ နောက်ကို ဆင်ခြင်ပေါ့လေ"

အရေးထဲ သိန်းစိုးက နှစ်သိမ့်သလိုမျိုးနှင့် ပင့်ပေးပြန်ပါသည်။

"သိန်းစိုး . . . မင်းက အဲဒီလိုပြောလေ၊ ငါ ဘုန်းမြတ်ကို ပိုပေါက်ကွဲလေပဲ . . . သိလား"

တင်မြင့်ဦးက ယခုအချိန်ထိ ဘာစကားမှ မပြောဘဲ ဆေးလိပ်ဖွာနေသော ဘုန်းမြတ်ကိုကြည့်ရင်း စကားပြောသည့် လေသံက နည်းနည်းမာသွားသည်။

"တင်မြင့်ဦး . . . မင်းဟာလေ ငကြောင် သိလား၊ အခုထိ မင်းကြောင်လား မကြောင်လား မင်းမစဉ်းစားမိဘူး မဟုတ်လား၊ ခုမင်းကို ငါအကြံပေးတုန်းက သေသေချာချာ နားမထောင်လို့ပဲ၊ အိမ်က မသိအောင် လိမ်တာပဲ၊ မင်းက လွဲပြောပါလား၊ တခြားရပ်ကွက်က လူတစ်ယောက်ယောက်ရဲ့ နာမည်ကို ပြောလိုက်ရင် မင်းအဖေ သိမလား၊ မင်းဟာက မင်းရဲ့နောက်လမ်းက လူနာမည်ကို ပြောတယ်၊ အဲဒီလူက နေ့တိုင်း မင်းအဖေနဲ့ လက်ဖက်ရည်သောက်တဲ့သူ၊ အိမ်ကိုလာခေါ်တဲ့သူ၊ အဲဒါကို မင်းစဉ်းစားလား၊ မင်းလောက်ညံ့တဲ့သူ မရှိတော့ဘူး၊ ငါသာ မင်းအဖေဆို ဒီထက်တောင် ဆိုးဦးမယ်"

"ဟေ . . . ဟုတ်သားကွ၊ ငါက အဲဒီအချက်ကို မစဉ်းစားမိဘူး၊ အခု မင်းပြောမှ စဉ်းစားမိတော့တယ်၊ ဆောရီးပါ၊ ဟဲ . . . ဟဲ"

ဘုန်းမြတ်စကားအဆုံး တင်မြင့်ဦးက တစ်စုံတစ်ခုကို နက်နက်နဲနဲ သဘောပေါက်သလိုမျိုး ဖြစ်သွားပါသည်။ ဝင်းကိုနှင့် သိန်းစိုးတို့က တင်မြင့်ဦးကိုကြည့်ပြီး တော်တော်ကြောင်တဲ့သူပဲဟု တစ်ယောက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်ရင်း ခေါင်းခါပြလို့ . . . ။

ဘုန်းမြတ်ကတော့ သူငယ်ချင်းတွေထဲမှာ တင်မြင့်ဦးလို လူမျိုး လည်း ရှိရမှာပေါ့လို့။ ဒါမှ ပျော်စရာကောင်းမှာလို့။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကြီးက
လှိုင်းတွေသဲဖြူလွှလွှတွေ
ကမ်းခြေတွေ
ကျောက်ဆောင်တွေ
ခရုတွေ အုန်းပင်တွေနဲ့
ဖြားယောင်းသွေးဆောင်မှုတော့
သူ့ ညွှတ်ကွင်း
မကျဆင်းဘဲ ခံနိုင်ရိုးလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လှိုင်းတွေက ပင်လယ်ထဲကနေ ကမ်းခြေကို ရိုက်ခတ်နေတာကိုကြည့်ရတာ ရည်ရွယ့်အဖို့ ကြည့်လို့ကောင်းနေပါသည်။ သူငယ်ချင်းမနှင့် အခြားကျောင်းသူတွေကတော့ ကမ်းခြေမှာ ရေကူးနေကြသည်။ ရည်ရွယ်ကတော့ ရေမကူးဘဲ အုန်းစိမ်းရေကို ပိုက်နှင့်စုပ်သောက်ရင်းက ချောင်းသာကမ်းခြေ၏ မြင်ကွင်းတွေကို ငေးမောကြည့်နေမိသည်။

သည်လိုနေရာကို ရောက်လာမည်ဟု ဘယ်လိုမှ မထင်ထား။ ရည်ရွယ်တို့ မေဂျာဘာသာရပ်အသင်းက ချောင်းသာကမ်းခြေသို့ ငါးရက်တာ ခရီးထွက်မည်။ သူငယ်ချင်းမတွေကလည်း လိုက်ခဲ့ပါဆိုလို့ လိုက်လာခဲ့ရသည်။

ခရီးထွက်တာ ပျော်စရာတော့ ကောင်းသားလို့။ လမ်းခရီးမှာ စားချင်တာတွေ တစ်ခုပြီးတစ်ခုစားလိုက် နောက်လိုက်ပြောင်လိုက်နှင့် ကျောင်းသားဘဝဟာ ဘာနှင့်မျှမလဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကမ်းခြေကို ရောက်ရောက်ချင်းမှာပဲ ငါးကင်းတို့ ပုဇွန်ကင်တို့ကို ဝယ်စားရတာ ဘာအရသာနှင့်မျှ မလဲနိုင်။ ချောင်းသာ ကမ်းခြေကို ရောက်လာသူတွေအားလုံး ဘာသောကစိတ်ဖိစီးမှုမှမရှိဘဲ ပင်လယ်ကြီးနှင့်အတူ အပျော်တွေကို ခံစားနေတာပဲလို့ ရည်ရွှယ်က တွေးနေမိသည်။

"ရည်ရွှယ် ... ပင်လယ်ကိုလာတာ ရေမကူးဘဲ နင်ဘာတွေတွေး နေတာလဲ၊ ကံကြမ္မာက နင့်ကို ရေရှိတဲ့နေရာရောက်အောင် ပို့လိုက် ပြီနော်"

ကမ်းခြေမှာ ရေကူးနေရာကနေ ရည်ရွှယ့်နားရောက်လာသော ဝင်းပပက ရည်ရွှယ်သောက်နေသော ဘုန်းစိမ်းရည်ကိုယူပြီး သောက် လိုက်သည်။

"တားရော့ဗေဒင်ဟောတဲ့အတိုင်း ငါ့ကံကြမ္မာမှန်မမှန် ကြည့်ရ တော့မှာပေါ့ဟာ၊ ပင်လယ်ကြီးကတော့ သိချင်သိနေမလား မသိဘူးနော်"

"ရည်ရွှယ် ... နင်သိချင်ရင် ရေသွားကူးလေ၊ အဲဒီအခါ ပင်လယ်ကြီးက နင့်ကို ပြောချင်ပြောပြမှာပေါ့"

"ဝင်းပပရယ် ... နင်တို့ဘာသာနင်တို့ အဝကူးပါ၊ ညနေကြမှပဲ ရေးထဲဆင်းတော့မယ်၊ အခုတော့ အုန်းရေလေးသောက်လိုက် အကင် လေးစားလိုက် ရေးကူးတဲ့လူတွေကိုကြည့်လိုက် ဘယ်လောက်ဇိမ်ရှိသလဲ လို့"

"ဒီထက်ဇိမ်ကျမှာက ညရောက်ရင် မီးပုံဖိုပြီး သီချင်းတွေဆို မယ်၊ စားကြမယ်၊ သောက်ကြမယ်တဲ့၊ ဒီလိုအခွင့်အရေးမျိုးက ချောင်း သားဘဝမှာပဲ ရတာနော်"

ဝင်းပပက လက်ကျန်အုန်းရေကို ရည်ရွှယ့်ကိုပေါင်း မပေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အကုန်သောက်လိုက်ပြီး ကမ်းစပ်သို့ ပြေးသွားပြီး သူငယ်ချင်းတွေနှင့် ရေသွားပြန်ကူးလို့နေပါသည်။

ညရောက်လျှင်တော့ မီးပုံပွဲမှာ သူငယ်ချင်းတွေနှင့်အတူ မီးပုံပွဲကို ဆင်နွဲရင်း ပင်လယ်ကြီး၏ ညဘက်လှိုင်းသံတွေကို ကောင်းကောင်းကြီး နားထောင်လိုက်ဦးမည်လို့ ငါးကင်ကိုစားနေရင်းမှ ရည်ရွယ်ကြိုတင်တွေးနေမိပါသည်။

❑

ဒီလိုမျိုး သောင်ပြင်ပေါ်မှာ ဘီယာသောက်ရတာ ဆေးလိပ်သောက်ရတာလောက် အရသာကောင်းတာမရှိ။ ဂစ်တာတီးသူကတီးပြီး သီချင်းဆိုသူကဆို ဘီယာသောက်သူက သောက်နှင့် သူ့ဟာနှင့်သူ အပီလန်းနေကြသည်။

ဘုန်းမြတ်တို့ မေဂျာက ဒီဇင်ဘာလ ပျော်ပွဲစားခရီးအဖြစ် ချောင်းသာကမ်းခြေကို ရွေးချယ်သဖြင့် အပျော်အပါးကြိုက်သော ဘုန်းမြတ်လည်း သူငယ်ချင်းတွေနှင့် ပါလာခဲ့သည်။

ဘာပြောကောင်းမလဲလို့ . . . ချောင်းသာရောက်ပြီဆိုတာနှင့် ကျောင်းသားအားလုံး တည်းခိုရာဟိုတယ်မှာ အဝတ်အစားအိပ်တွေ ဘေးချပြီး ပင်လယ်ကမ်းစပ်ရှိရာသို့ပြေးပြီး ရေကူးလိုက် ဘောလုံးကန်လိုက်နှင့် အော်လိုက်ဟစ်လိုက်နှင့် အပျော်ကြီးပျော်မဆုံး။

သည့်အထဲ တင်မြင့်ဦးက အဆိုးဆုံး။ အိမ်မှာ ချုပ်တည်းခေါင့်အည်းရသမျှ ချောင်းသာလည်းရောက်ရော အစွမ်းကုန်ပေါက်ကွဲပါတော့သည်။ ဘီယာသောက်လိုက် ဆေးလိပ်သောက်လိုက်နှင့် ဟုတ်နေလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမြတ် . . . ဒီနေရာမှာ မင်းတို့ငါတို့ တစ်ကွက်လိုသွားပြီ"

ဝင်းကိုက မထင်မှတ်ဘဲ ပင်လယ်ပြင်ထက်မှာ ညအမှောင်တွင် လွှန်းတင်တောက်ပနေသော လမင်းကိုကြည့်ပြီး ပြောရင်းက သဲတွေကို လက်နှင့်ဆုပ်နေပါသည်။

"ဝင်းကို . . . မင်းစကားက ဘာကိုဆိုလိုချင်တာလဲ"

"ဘာကိုဆိုရမှာလဲကွ၊ အခုလို လသာတဲ့ညမျိုး ဟောဒီလို ကမ်းခြေနေရာမျိုးမှာ ကိုယ့်ချစ်သူနဲ့အတူ ကိုယ်လက်ချင်းချိတ်ပြီး လမ်းလျှောက်ရမှာကွ၊ အဲဒါ တကယ့်အရသာပဲ"

"ဟာကွာ . . . မင်းက ဘာများပြောတာလဲလို့၊ အချစ်ဆိုတာ မထင်မှတ်တဲ့ထောင့်က တွေ့ချင်တွေ့မှာပေါ့"

"ဘုန်းမြတ်ရာ . . တွေ့ချင်တွေ့မှာပေါ့ဆိုတာက ဗွီဒီယိုရုပ်ရှင်တွေထဲက ချောင်းသာကမ်းခြေဇာတ်လမ်းမျိုးတွေကြည့်ပြီး ပြောတာလား၊ အပြင်မှာတော့ ငါတို့ဘာမှမဖြစ်ပါလား"

ဝင်းကိုအဖို့ ချောင်းသာကမ်းခြေကိုလာတာ သူ့မှာရည်းစားမရှိသဖြင့် သူ့ဘဝ အတော်နစ်နာနေပုံ ထင်ရပါသည်။

"ဝင်းကို . . . ဒီအတွက် အားမငယ်နဲ့ဟေ့၊ ငါသတင်းတစ်ပုဒ် ပေးမယ်"

သိန်းစိုးက ဝင်းကိုအနားသို့ ဘီယာဗူးလက်ထဲကိုင်ထားရင်း ရောက်လာပါသည်။

"ငါတို့လိုပဲ တခြားမေဂျာကလည်း ဒီချောင်းသာကို ပျော်ပွဲစားရောက်လာတယ်၊ ဒီည သူတို့မီးပုံပွဲရှိတယ်၊ အခုချိန်လောက်ဆို စပြီထင်တယ်၊ အဲဒီကို ငါတို့သွားမယ်၊ နည်းနည်းပါးပါး ဝင်ကြောင်ကြည့်မယ်၊ ခွင့်တည့်ချင်တည့်သွားမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းစိုး ဒါဆို နည်းနည်းလေး ဘီယာထပ်သောက်ပြီးမှ သွားမယ်၊ ကျေးဇူးပဲ သူငယ်ချင်း"

သိန်းစိုးစကားကြောင့် ဝင်းကိုက ဒေါ်လာသန်းငါးရာထီပေါက်သလိုမျိုး ပျော်သွားပါသည်။

"နေဦး ဘုန်းမြတ်၊ ငါ ဟိုကောင်တွေဆီက ကင်မရာယူမယ်၊ ထွန်းသိန်းက ဓာတ်ပုံဆိုင်ဖွင့်တော့ မင်္ဂလာဆောင်မှာရိုက်တဲ့ ဆယ်သိန်းတန်ကင်မရာ ယူလာတယ်၊ အဲဒါ မင်းကိုပေးမယ်၊ အဲဒီက အလှဆုံးကောင်မလေးတွေကို ဓာတ်ပုံရိုက်ပေးပြီး မှတ်တမ်းတင်ကွာ၊ ဒီလိုအောက်လမ်းနည်းနဲ့ ဝင်ရောရမှာပဲ"

ဝင်းကိုက ထိုင်ရာမှနေ သုတ်ခနဲထကာ ဘီယာသောက်ရင်း ဂီတာတီးနေသော ကျောင်းသားများရှိရာသို့သွားပြီး ထွန်းသိန်းဆီမှာရှိနေသော ကင်မရာကို ယူလာပါသည်။

"ဘုန်းမြတ် . . . ဒီကင်မရာကို အသက်နဲ့လဲ ကာကွယ်ပြီး မှတ်တမ်းတင်ပေးပါ၊ အလှဆုံးကျောင်းသူတွေကိုရိုက်ပြီး ဖူးစာရှင်အဖြစ် မှတ်တမ်းတင်မယ်၊ ပြီးရင် သိန်းစိုးပြောတဲ့အတိုင်း မီးပုံပွဲရှိတဲ့နေရာသွားမယ်"

ဝင်းကိုက ဘုန်းမြတ်လက်ထဲ ကင်မရာကို ပေးလိုက်ပါသည်။ ဘုန်းမြတ်ကတော့ ဝင်းကိုတစ်ယောက် ဗြဟ္မာဦးခေါင်း သူ့လက်ထဲထည့်လိုက်ပြီလို့။ သည်ကင်မရာ တစ်ခုခုဖြစ်လို့ကတော့ အလျော်ဇယားရှင်းရပြီလို့။

"ဟော့ . . . အချစ်ရှာပုံတော်ဖွင့်ဖို့ ဟိုဘက်က မီးပုံပွဲကို ဘယ်သူ လိုက်မလဲ"

ဝင်းကိုက ဂစ်တာတီးနေသူတွေဘက်သို့ လှမ်းအော်ပြောလိုက်လို့ ပြီးပြီးချင်းမှာပဲ စတုဒီသာကျွေးလို့ သွားစားသလိုမျိုး ဂီတာတီးသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကော ကျန်သည့်သူတွေပါ ဝင်းကိုအနား ရောက်လာပါသည်။ ဘုန်းမြတ်တွေးမိပါသည်။ တစ်ခုခုတော့ ထူးခြားပြီလို့။ အဆိုးလား အကောင်းလား မသိ။

❑

မီးပုံပွဲဆီက သီချင်းသံတွေနှင့်အတူ စကားပြောသံတွေ အော်ဟစ်သံတွေက ဘန်ဂလိုရှေ့က Deram Bad ပေါ်မှာ ဒိုင်ယာရီဖတ်နေသော ရည်ရွယ် အတိုင်းသားကြားနေရသည်။ ကျောင်းသားကျောင်းသူအားလုံးက သီချင်းဆိုသူဆို ကသူကနှင့်။

ရည်ရွယ်ကတော့ ခရီးကလည်းပန်း၊ ညနေတုန်းကလည်း ရေတစ်ဝကူးသဖြင့် တော်တော့်ကို ပင်ပန်းသွားသောကြောင့် မီးပုံပွဲမှာ သူငယ်ချင်းမသုံးဦးလိုမျိုး အပြည့်အဝ မဆင်နွှဲနိုင်တော့ဘဲ ဘန်ဂလိုမှာ ပြန်ပြီးအနားယူနေမိသည်။

နက်ဖြန်ဆို ဒီဇင်ဘာလ ၁၅ ရက်။

ဗေဒင်ဆရာမ ဟောပြောထားသည့်အတိုင်းဆိုလျှင် ရေရှိသည့်နေရာမှာ ဖူးစာရှင်ကို တွေ့မည်တဲ့။ ရည်ရွယ် ရင်ခုန်နေပါသည်။ ဗေဒင်ဆရာမဟောခဲ့သလိုမျိုး အကယ်၍သာ ဖူးစာရှင်တွေ့ခဲ့မည်ဆိုပါက သူမဖူးစာရှင်က ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးလဲ။ သူမ မျှော်လင့်ထားသလိုမျိုး ဆေးလိပ်မသောက်၊ အရက်မသောက်၊ လိမ်ညာမပြောမည့်သူလား တွေးနေမိပါသေးသည်။

တချို့ကတော့ ပြောကြပါရဲ့။ ခရီးသွားလျှင် ခံစားမှုအသစ်ရတယ်ဟု။ သူမ ချောင်းသာကမ်းခြေသို့ ပျော်ပွဲစားခရီးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်ကဲ့သို့သော ခံစားမှုမျိုးတွေ ကံကြမ္မာကသူမကို ပေးလေမည်လဲမသိ။ ဗေဒင်ဆရာမဟောခဲ့တာကို အသေးစိတ်ရေးထားသည့် ဒိုင်ယာရီစာအုပ်ကို သူမ အကြိမ်ကြိမ် ထပ်ဖတ်နေမိပြန်သည်။ ဒိုင်ယာရီစာအုပ်ကို ဖတ်လိုက်တွေးလိုက် မီးပုံပွဲဆီက အသံတွေကို ကြားလိုက်နှင့် နောက်ဆုံးခရီး ပမ်းလာသဖြင့် သူမ မျက်ခုံးတွေ လေးလံကာ ဘန်ဂလိုက ဝရန်တာစကြံန် Dream Bed ပေါ်မှာပဲ အိပ်ပျော်သွားပါတော့သည်။

❑

"ဟာ . . . တော်တော်လန်းတာပဲ"

ဝင်းကိုက မီးပုံပွဲလုပ်နေသော နေရာမှ သီချင်းဆိုပြီးကနေသော ကျောင်းသူအချို့ကိုကြည့်ပြီး ပြောလိုက်ပါသည်။

"သိန်းစိုး . . . မင်းနဲ့သိတဲ့ သူတွေပါမှာပဲ၊ နည်းနည်းပါးပါး ဝင်ရောက္ကွာ၊ ပြီးတော့ ဘုန်းမြတ်ကို အမှတ်တရ မှတ်တမ်းတင်ပြီး ဓာတ်ပုံရိုက်ခိုင်းမယ်"

ဝင်းကိုက သူ့အကွက်သူချနေပါသည်။ သိန်းစိုးကတော့ ဘာမှ မပြောဘဲ မီးပုံပွဲရှိရာသို့ကြည့်ရင်း အကဲခပ်နေပါသည်။

"ဘုန်းမြတ် . . . ငါ့အတွက်လည်း ကောင်မလေးလှလှလေးပုံ ရှာပြီး ရိုက်ပေးနော်"

"တင်မြင့်ဦးရာ ဒါညဘက်ကွ၊ နေ့ဘက် မဟုတ်ဘူး၊ ငါ့မှာ ဒီကင်မရာလည်း ကိုင်ထားရသေးတယ်၊ တစ်ခုခုဖြစ်ရင်လည်း လျော်ရဦးမယ်၊ ဒီနေရာကြတော့ ဝင်းကိုလိုပဲ မင်းက သွက်နေပါလား"

"နေရာအချိန်ခါပေါ့ကွာ၊ ဟဲ . . . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



တင်မြင့်ဦးက သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။ ဝင်းကိုက ကျန်သည့်ကျောင်းသားအချို့ကို လက်ဟန်ခြေဟန်ဖြင့် မီးပုံပွဲရှိရာသို့သွားမည်ဟု အချက်ပေးလိုက်သည်။

အားလုံးက တက်ကြွသောခြေလှမ်းတွေနှင့် သဲပြင်ပေါ်တွင် မီးပုံပွဲကျင်းပသော နေရာသို့ သူ့ထက်ငါအပြိုင် ခြေလှမ်းတွေက သွက်လက်နေသည်။

"ဘုန်းမြတ် ရိုက်၊ ဟိုကောင်မလေး ဘယ်လောက်လှလဲ ရိုက်"

မီးပုံပွဲနားသို့ ရောက်ရောက်ချင်း ဝင်းကိုက ဓာတ်ပုံရိုက်ဖို့ အမိန့်ပေးသဖြင့် ဘုန်းမြတ်လည်း ခပ်မြန်မြန် ခပ်သွက်သွက်ဖြင့် ဓာတ်ပုံလေးပုံငါးပုံခန့် ကနေသော ကျောင်းသူတွေကို ရိုက်ပါတော့သည်။

"ဟဲ့ . . . ဘယ်သူတွေလဲ၊ ဘာလို့ညဘက်ခွင့်မတောင်းဘဲ ဓာတ်ပုံရိုက်တာလဲ၊ ဒီမှာ အုပ်ထိန်းသူ ဆရာမရှိတာ မသိဘူးလား"

"သမီးတို့ကို ဘယ်သူဓာတ်ပုံရိုက်တာလဲ . . . တီချယ်"

ပြဿနာတော့ ဖြစ်ပြီလို့ ဝင်းကိုက ဘာမှမသိဘဲ သူဖြစ်ချင်ရာ သူ့ဇွတ်လုပ်ခိုင်းတာ မီးပုံပွဲမှာ အုပ်ထိန်းသူ ဆရာမရှိနေတာကို မသိ။ ပြဿနာက မီးပုံပွဲမှာရှိနေသော ကျောင်းသားတွေပါလာလျှင် ပိုဆိုးမည်။

"အခြေအနေ မကောင်းဘူး၊ ပြေးမယ်ဟေ့"

တော်တော်သတ္တိကောင်းသည့် ဝင်းကို။ သည်ကိစ္စကို တက်ကြွပြီး သည်လိုဖြစ်အောင် စီစဉ်ပြီး သူကိုယ်တိုင်က ရှေ့က ဦးဆောင်ပြေးသဖြင့် ကျန်သူတွေလည်း ဝင်းကိုနောက်သို့ ပြေးလိုက်ကြသည်။ အချို့ကလည်း နေရာခွဲပြေးသည်။

မီးပုံပွဲတွင်ရှိနေသော ကျောင်းသားအချို့ကလည်း နည်းနည်းထွေနေသည်ဟု ထင်ရပါသည်။ နောက်ကနေ ပြေးလိုက်လာသဖြင့် ဘုန်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကင်မရာကို ပြုတ်မကျအောင် သတိထားရင်းမှ ဝင်းကိုတို့နှင့် လူစု ခွဲပြီး ထွက်ပြေးမိသည်။

ဟိုကြည့်ဒီကြည့်ပြေးရင်းနှင့် အုန်းပင်တွေကြားမှာ ဆောက်ထားသော ဘန်ဂလိုရှေ့သို့ ရောက်လာသည်။ လူရိပ်လူခြေ ရှင်းသွားပြီမို့ အမောဖြေလိုက်သည်။

ပတ်ဝန်းကျင်ကို သတိထားကြည့်မိတော့ ဘန်ဂလိုရှေ့က ဝရန်တာရှိ စကြိန်မှာ Draeam Bed ခင်းပြီး သူနှင့်သက်တူရွယ်တူရှိမည့် အမျိုးသမီးတစ်ဦးက အိပ်ပျော်နေသည်။

ဘုန်းမြတ်စိတ်ထဲ ဘယ်လိုဖြစ်သွားသည် မသိ။ အိပ်ပျော်နေသော အမျိုးသမီး၏အလှကိုကြည့်ပြီး သူ ရင်ခုန်သွားပါသည်။ ပြီးတော့ စကြိန်ဝရန်တာ လက်ရမ်းပေါ်မှာ ဒိုင်ယာရီစာအုပ်တစ်အုပ်တင်ထားတာ မြင်ရသည်။ သူမြင်နေရသော အမျိုးသမီးက ဝရန်တာနှင့်ကပ်လျက်မှာ ဒရင်းဘတ်ခင်းပြီး ဒိုင်ယာရီစာအုပ်ဖတ်ရင်းက အိပ်ချင်လာသဖြင့် ဒိုင်ယာရီစာအုပ်ကို ဝရန်တာလက်ရမ်းပေါ်မှာတင်ရင်း အိပ်ပျော်သွားတာပဲ ဖြစ်မည်ဟု။

တဆက်တည်းဆိုသလို သူ့အတွက် စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်ခဲ့ရသည့် သူမြင်တွေ့နေရသည့် အမျိုးသမီးက ဒိုင်ယာရီစာအုပ်ထဲတွင် ဘာတွေရေးထားသလဲလို့ သိချင်လာသဖြင့် အလျင်အမြန် ဖွင့်ဖတ်ကြည့်မိသည်။

ဒိုင်ယာရီစာအုပ်ထဲ ရေးထားသော အကြောင်းအရာကိုကြည့်ပြီး သူ အံ့အားသင့်တုန်လှုပ်သွားပါသည်။ ချက်ချင်းဆိုသလို ဒိုင်ယာရီစာအုပ်ထဲမှာ ရေးထားသော စာရွက်တစ်ရွက်ချင်းစီကို ကင်မရာဖြင့် အမြန်ရိုက်ပြီး ဒိုင်ယာရီစာအုပ်ကို ဝရန်တာလက်ရမ်းပေါ်မှာ ပြန်တင်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ထိုဘန်ဂလိုရှေ့ကနေ ပြေးထွက်လာခဲ့သည်။

သည်အချိန်ထိ ဘုန်းမြတ်ကို ရင်ခုန်စေခဲ့သူ အမျိုးသမီးက ဒရင်းဘတ်ပေါ်မှာ အိပ်ပျော်နေရာက မနိုးသေး။

❑

ဘုန်းမြတ်ခမျာ မနားရပါ။ ကျန်သည့်သူငယ်ချင်းတွေ ဘာဖြစ်သည်ဆိုတာ စိတ်မဝင်စားအား။ ညကြီးမင်းကြီး ချောင်းသာကမ်းခြေရှိ ရွာထဲက ကွန်ပျူတာဆိုင်သို့သွား၊ ကင်မရာထဲမှ မန်မိုရီကဒ်ကိုထုတ် စီဒီကူးပြီး ပရင်တာနှင့်စာရွက်ပြန်ထုတ်၊ အလုပ်တွေ ရှုပ်ကုန်ပါတော့သည်။ နက်ဖြန်ဆိုလျှင်တော့ ရင်ခုန်စရာအသစ် မွေးဖွားလာတော့မည်လို့ သူယုံကြည်နေမိပါသည်။

❑

"ဘုန်းမြတ် ကင်မရာနဲ့မင်းက ဘယ်လိုဖြစ်လို့ အခုမှ ပြန်ရောက်လာတာလဲ၊ လက်ထဲမှာလည်း စာရွက်တွေနဲ့ပါလား"

ဟိုတယ်က ဘန်ဂလိုရှိရာသို့ ဘုန်းမြတ်ပြန်ရောက်လာလာချင်းမှာပဲ ဝင်းကိုက မေးသဖြင့် ဘုန်းမြတ်လည်း ကင်မရာကို စားပွဲပေါ်တင်လိုက်သည်။

"ဘာဖြစ်ရမှာလဲဆိုတော့ ငါ့ဘဝမှာ ပောဒီစာရွက်ထဲက အိတ်တွေက သိပ်အရေးပါသွားပြီ၊ မထင်မှတ်ဘဲ ငါလေ ဘယ်လိုခံစားမှုမျိုးနဲ့ ပြောရမလဲ မသိဘူးကွာ၊ ×××××××××××××××"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ်မထင်မှတ်ပဲ ကြုံတွေ့ခဲ့ရလို့ ရှင်းပြတာကို သူငယ်ချင်းတွေ စိတ်ဝင်တစားနှင့် နားထောင်နေပါသည်။

"ရည်ရွယ်ဆိုတဲ့ ဒီအမျိုးသမီးဟာ ဗေဒင်ဆရာမဟောတာတွေကို အသေးစိတ် ဒိုင်ယာရီထဲမှာရေးပြီး သူ့ဖူးစာရှင်ကို ဒီဇင်ဘာဆယ့်ငါးရက်မှာ တွေ့ရမယ်ဆိုတော့ ဗေဒင်ကို တော်တော်ယုံကြည်လို့ဖြစ်မယ်"

တင်မြင့်ဦးက ဘုန်းမြတ်ကူးလာသော စာရွက်တွေကို ဖတ်နေရင်းမှ မှတ်ချက်ချပါသည်။

"ရည်ရွယ်ဆိုတဲ့ အမျိုးသမီးဟာ အတော်ရည်ရွယ်ချက်ကြီး၊ ခံစားချက်ကြီးမယ့်ပုံမျိုးပဲနော်၊ သူ့ဘဝခရီးအဖော်အတွက် သူလိုချင်တာတွေကို ရေးထားတာ"

"အဲဒါကို ငါသိပ်စိတ်ဝင်စားတယ် ဝင်းကို၊ မင်းက ရည်းစားရမလားလို့ မီးပုံပွဲလာရင်း ပြဿနာဖြစ်တယ်၊ ဒီတော့ထွက်ပြေးရင်း မထင်မှတ်ဘဲ ငါက ငါ့ရင်ခုန်ဖို့ဖြစ်လာတာကို သွားတွေ့တယ်၊ ဒါ့အပြင် လူ့စည်းလူ့ကမ်းဆိုတဲ့ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး သူများဒိုင်ယာရီကို ခိုးဖတ်မိတယ်၊ အဲဒီမှာ အချစ်ဟာ မွေးဖွားတာလာပဲ၊ ဒီဒိုင်ယာရီထဲက အတိုင်း ငါခွင်ဆင်ရမယ်"

"ဖူးစာဆိုတာ မှန်တော့မှန်တယ်ပေါ့ကွာ၊ ဒါပေမဲ့ မင်းရဲ့စရိုက်နဲ့က ပြောင်းပြန်ဖြစ်နေတယ်နော်၊ တစ်ချိန် ပြဿနာဖြစ်လာရင် ရှင်းမရဖြစ်ကုန်မယ်"

သိန်းစိုးက မနေနိုင်သဖြင့် ဝင်သတိပေးပါသည်။ ဘုန်းမြတ်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း ဖွင့်ထားသော ဘီယာဗူးကို မော့သောက်လိုက်သည်။

"ဒါတွေ အရေးမကြီးဘူး၊ အရေးကြီးတာက မင်းတို့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကူညီဖို့ပဲ၊ ဒိုင်ယာရီထဲက အတိုင်းဆိုတော့ နက်ဖြန်အတွက် အခုချက်ချင်း မင်းတို့တွေ ဂီတာတစ်လက်၊ တီရှပ်အပြာရောင်တစ်ထည်၊ ဦးထုပ်တစ်လုံးရှာပေး၊ ဂျင်းဘောင်းဘီကတော့ ငါ့မှာရှိတယ်၊ အဲဒါတွေရလာရင် မင်းတို့နက်ဖြန် ရင်ခုန်စရာကောင်းတဲ့ ဖာတ်လမ်းတွေ ရပြီလို့မှတ်"

"စိတ်ချ၊ ငါမစွံသမျှ မင်းစွံရအောင် ကူညီရတော့မှာပေါ့ကွာ"

ဝင်းကိုက ပြောပြောဆိုဆိုနှင့် အခန်းထဲက ထွက်သွားပါသည်။ ဘုန်းမြတ်ကတော့ နက်ဖြန်အစီအစဉ်အတွက် ဒိုင်ယာရီမိတ္တူစာရွက်တွေကို အကြိမ်ကြိမ်ဖတ်ရင်း ဆေးလိပ်ဖွာရင်း စဉ်းစားနေပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကံကို ပရိယာယ်နဲ့
ငါမျှားခဲ့မိပါပြီ
ကောင်မလေးရယ် . . .
မင်းနဲ့ငါ
အပြန်အလှန် ယုံကြည်မှုရှိရင်
ပြီးတာပဲ မဟုတ်လား။
ကံဆိုတာ မရှိလည်း
ဘဝဆိုတာ
မင်းနဲ့ငါအတွက်
နေလို့ထိုင်လို့ ကောင်းပါတယ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ပင်လယ်လှိုင်းတွေက အားပျော့ပျော့နှင့် ကမ်းခြေသို့ ရိုက်ခတ်နေသည်။ နံနက်ခင်းလေနုအေးက မည်သည့်အတားအဆီးမှ မရှိသည့် ပင်လယ်ကို ဖြတ်သန်းလာသဖြင့် အေးမြစူးရှလို့နေပါသည်။ ကမ်းခြေမှာတော့ မနက်ကိုးနာရီမထိုးသေးတာမို့ လူသူက ရှင်းနေသည်။

ရည်ရွယ်တစ်ယောက်တည်း ကမ်းခြေမှာ လျှောက်နေရင်းက ဟိုတယ်တွေဘက်ကို လှမ်းကြည့်နေမိသည်။ အခုချိန်ထိ သူငယ်ချင်းမတွေက အိပ်ယာက မနိုးသေး။ ညက တစ်ညလုံး မီးပုံပွဲမှာ ပျော်ခဲ့ကြသဖြင့် တော်တော်အိပ်ကောင်းနေပါလိမ့်မည်။ သည်ညလည်း မီးပုံပွဲ ထပ်လုပ်ဦးမည်ဆိုတော့ သူတို့တတွေ ထပ်ပျော်ကြဦးမည်ဟု ရည်ရွယ် သိနေပါသည်။

ရည်ရွယ့်အဖို့ကတော့ သည်နေ့ ဒီဇင်ဘာဆယ့်ငါးရက်ဆိုတော့ ဗေဒင်ဆရာမကြီးတင်ပြောခဲ့သလို သူမ၏ဖူးစာရှင်ကို နေ့လည်ဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီမကျော်ခင် တွေ့ကိုတွေ့ရမည်လား မတွေ့ရဘူးလား စိတ်လှုပ်ရှားစွာဖြင့် သိချင်နေမိသည်။

ရည်ရွှယ်က ခပ်ဝေးဝေးမှာ မြင်နေရသည့် ကျောက်ဆောင်များရှိရာဘက်သို့ ခြေလှမ်းတွေကို ဦးတည်လိုက်သည်။ ထိုကျောက်ဆောင်နေရာကနေ ပင်လယ်ကြီးကို တဝကြီး ထိုင်ကြည့်မည်ဟု။

ကျောက်ဆောင်နားသို့ ရောက်သောအခါ ရည်ရွှယ် အံ့အားသင့်သွားပါသည်။ မနက်စောစောမှာ မည်သူက ဂီတာတီးနေသလဲလို့။ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ရည်ရွှယ်ရင်တွေတုန်ပြီး ကြက်သီးမွေး ထသွားသည်။

သူမနှင့် သက်တူရွယ်တူရှိမည့် လူငယ်တစ်ဦးက ဂျင်းဘောင်းဘီ၊ တီရှပ်အပြာနှင့် ခေါင်းမှာဦးထုပ်ကို ဆောင်းထားကာ ထိုင်၍ ဂီတာတီးနေရာကနေ မတ်တပ်ရပ်ကာ ရည်ရွှယ့်ဘက်သို့ မျက်နှာမူလိုက်ပြီး ဂီတာကို ဆက်မတီးတော့ဘဲ ကျောက်ဆောင်တွေပေါ်ကနေ ဆင်းလာပါသည်။ တားရော့ဖဲချပ်တွေက အင်မတန် အံ့သြဖို့ ကောင်းပါလားလို့။

ဘဝမှာ ဘယ်လိုမှ မထင်ထားတဲ့ ကံကြမ္မာတွေက ဖန်တီးပေးလိုက်တာ ဗေဒင်ဆရာမဟောသည့်အတိုင်း ကွက်တိဖြစ်နေပါသည်။သည်လိုဆိုလျှင် သည်လူက သူမ၏ဖူးစာရှင်ပေါ့။ သည်လူ့ရုပ်ရည်က ဖျတ်ဖျတ်လတ်လတ် သွက်လက်မည့် ပါးရည်နပ်ရည်ရှိမည့်ပုံစံမျိုး ဖြစ်သည်။ သူမကစပြီး မိတ်ဆက်လျှင် ကောင်းမလား။ မိန်းမသိက္ခာများ ကျသွားလေမလားလို့။ နောက်ဆုံးတော့ မတတ်နိုင်ပါဘူးလို့။

"ဒီမှာ . . . ဒီမှာ"

ရည်ရွှယ်က ဂီတာကိုင်ထားသော သူ့ကို လှမ်းခေါ်လိုက်တာ ထိုလူက ဘာမှမပြောဘဲ ညာဘက်လက်ညှိုးအား နှုတ်ခမ်းဖြင့်ထိရင်းက



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်နေဖို့ အချက်ပေးပါသည်။ ရည်ရွှယ်လည်း ဘာပြောရမှန်း မသိဖြစ်သွားရင်းက သွေ့နံဘေးမှာ ရပ်နေမိပါသည်။ ဂီတာကိုင်ထားသော သူက မျက်လုံးကိုမှိတ်လိုက်ရင်း တစ်စုံတစ်ခုကို အာရုံပြုနေပါသည်။

"ဘာကိစ္စရှိလို့ပါလဲ"

ငါးမိနစ်ကြာပြီးလောက်မှ ရည်ရွှယ့်ကို မေးလိုက်သဖြင့် ရည်ရွှယ် က . . .

"ဟို . . . ဒီလိုပါ"

"ဩော် . . . စောစောစီးစီး ဒီကျောက်ဆောင်ပေါ်မှာ ဂီတာတီး နေတာကို အံ့အားသင့်လို့လား၊ ဒါက ပင်လယ်ရဲ့အသံနဲ့ ဂီတာက ထွက် ပေါ်လာတဲ့ အသံရဲ့ခြားနားချက်ကို ခံစားချင်လို့ စောစောထွက်လာတာ၊ စောစောက ခင်ဗျားကို အသံမပြုတာက ကျွန်တော်က ဟောဒီချောင်းသာ ကမ်းခြေမှာရှိတဲ့ ပင်လယ်ကြီးထဲမှာရှိတဲ့ ဝေနေယျသတ္တဝါတွေကို အသံ တိတ်မေတ္တာပို့နေလို့ပါ"

"ရပါတယ်ရှင် . . . ကျွန်မနာမည်က ရည်ရွှယ်ပါ"

"ကျွန်တော့်နာမည်က ဘုန်းမြတ်ပါ၊ လာပါဗျာ . . . ကော်ဖီလေး ဘာလေးသောက်ရင်း မိတ်ဖြစ်ဆွေဖြစ် ပြောကြတာပေါ့"

"အဲဒါ ကောင်းသားပဲ"

ထို့နောက်တော့ ဘုန်းမြတ်နှင့် ရည်ရွှယ်တို့နှစ်ယောက်သား ကျောက်ဆောင်ကနေ အတူယှဉ်တွဲ ကမ်းခြေတစ်လျှောက် လျှောက်လာ ခဲ့ကြသည်။

ရည်ရွှယ် မထင်ထားပါ။ မထင်မှတ်ဘဲ ဗေဒင်ဆရာမပြောခဲ့ သလို ရေနှင့်နီးသည့်နေရာမှာ ချစ်သူရလိမ့်မည်ဆိုပြီး မယုံခဲ့တာ အခု တော့ ကံကြမ္မာကြောင့် ဆန့်ကျင်ဘက်ယောကျ်ားတစ်ဦးနှင့်ယှဉ်တွဲလျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေရလို့ ဖြစ်ပါသည်။ သည်အကြောင်းတွေကို သူငယ်ချင်းမတွေကိုပြော လျှင် သူတို့လည်း အံ့အားသင့်နေကြမှာပါ။

ကံကြမ္မာဆိုတာကို ယုံကြည်သင့်ပြီလို့ သူမကိုယ်သူမ ကောင်း ကောင်းကြီး သဘောပေါက်လိုက်ပါသည်။

❑

"ဒီခုံတန်းလျားမှာထိုင်ပြီး ကော်ဖီမစ်သောက်မယ်၊ ကျွန်တော် နှစ်ခွက်မှာလိုက်မယ်၊ ဘာမုန့်စားဦးမလဲ"

ဘုန်းမြတ်က ဟိုတယ်တစ်ခုနားက ဖွင့်ထားသောစားသောက် ဆိုင်ငယ်လေးရှေ့အရောက် ရည်ရွယ့်ကို ပြောလိုက်ပါသည်။

"ဆိုင်ထဲသွားသောက်လည်း ရတာပဲ၊ ဘယ်လိုဖြစ်လို့ ဒီခုံတန်း လျားမှာ ထိုင်ချင်ရတာလဲ"

ဘုန်းမြတ်က လက်ထဲမှာထိုင်ထားသော ဂီတာကို ခုံတန်းလျား ပေါ်မှာ ချလိုက်သည်။

"အဲဒီဆိုင်ထဲမှာ ဆေးလိပ်သောက်တဲ့သူတွေရှိတော့ ဆေးလိပ် မီးခိုးငွေ့တွေ ရှူနေရမှာပေါ့၊ ဒါကြောင့် ဒီခုံတန်းလျားမှာ ထိုင်မယ်လို့ ပြောတာ၊ ကျွန်တော်က မီးခိုးငွေ့ခံနိုင်တာ မဟုတ်ဘူး"

ဘုန်းမြတ်က ပြောပြောဆိုဆိုပါပဲ။ စားသောက်ဆိုင်ငယ်လေးထဲ သို့သွားပြီး မှာစရာရှိတာများကို မှာနေပါသည်။

ရည်ရွယ်ကတော့ တော်တော်ဝမ်းသာကြည်နူးနေသည်။ သူမ မျှော်လင့်ထားသလို ကံကြမ္မာက ထပ်မံဆောင်ကျဉ်းပေးလိုက်ပြီလို့။ သူမ မနှစ်သက်သော ဆေးလိပ်သောက်ခြင်းကို ယခုဗေဒင်ဆရာမ ဟောပြော



www.burmeseclassic.com

www.burmeseclassic.com



ချက်အရ တွေ့ခဲ့ရသူကလည်း မနှစ်သက်။ နောက်ထပ် သူ့ကိုစမ်းသပ်ရဦးမည်။

"ဘာတွေတွေးနေတာလဲ၊ ရော့ . . . ဒီမှာ ကျွန်တော်ကော်ဖီမစ်ခွက်ယူလာတယ်၊ သောက်လိုက်ဦး"

"ကျေးဇူးပဲ"

ရည်ရွှယ်က ဘုန်းမြတ်ပေးသော ကော်ဖီမစ်ကို ယူလိုက်ပြီး တစ်ငုံသောက်လိုက်ရင်းက ပင်လယ်ကြီးကို ကြည့်နေပါသည်။

"ရည်ရွှယ်က ရန်ကုန်ကပဲလား"

"ဟုတ်တယ်"

"ကျွန်တော်လည်း ရန်ကုန်ကပဲ၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ အင်္ဂလိပ်စာနောက်ဆုံးနှစ်လေ"

"ဟုတ်လား၊ ကျွန်မကလည်း ဒဂုံတက္ကသိုလ်မှာ ရူပဗေဒနောက်ဆုံးနှစ်ပဲ"

နှစ်ယောက်သား မေးခွန်းတွေ အပြန်အလှန်မေးမြန်းကြရင်း ဘာစကားမှမဆိုဘဲ တိတ်ဆိတ်သွားသည်။ အတန်ကြာမှ . . .

"ရည်ရွှယ် ဗေဒင်ကို ယုံလား"

"ဘာကြောင့်မေးတာလဲ မသိရဘူးလား"

"သိရတာပေါ့ဗျာ၊ ကျွန်တော်ကတော့ ဗေဒင်ကို ယုံတယ်၊ အခု ရည်ရွှယ်နဲ့ကျွန်တော် ကံကြောင့်ဆုံရတာ၊ ဒါကြောင့် ကံကိုတော့ ကျွန်တော် ယုံကြည်သွားပြီ"

"ကျွန်မလည်း ဒီလိုပဲ၊ ဗေဒင်ကို မယုံကြည်လို့ ဒီနေရာကို မလာဖင် မှတ်ဘဲ ရောက်လာတာ၊ အခုတော့ ကံကို ယုံသွားပြီ"

"ဗေဒင်က ရည်ရွှယ့်ကို ဘာဟောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး . . ."

ဘုန်းမြတ်အမေးစကားကြောင့် ရည်ရွှယ်က ရှက်သွားပြီး ခေါင်းငုံ့လိုက်ပါသည်။

"ရည်ရွှယ်ရယ် လူ့ဘဝဆိုတာ ကံရဲ့ကြိုးဆွဲရာ ကရတဲ့ အရုပ်ကလေးတွေပါ၊ ကံတရားကြောင့် ရည်ရွှယ်နဲ့ကျွန်တော် တွေ့ခဲ့ရပြီ၊ နောက်ပြီးတော့ . . ."

"နောက်ပြီးတော့ကို နောက်မှပြော၊ ကျွန်မ သွားတော့မယ်၊ ညရောက်ရင် ကျွန်မတို့တည်းတဲ့ လိုင်လိုင်းဟိုတယ်ကိုလာခဲ့၊ မီးပုံပွဲရှိတယ်၊ မနေ့ညကလည်း လုပ်သေးတယ်၊ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်လေ"

"ဟုတ်ကဲ့ . . . လာခဲ့ပါ့မယ်"

"ဒါဆို သွားပြီနော်"

ရည်ရွှယ်က ခုံတန်းလျားကနေ ရှက်စနိုးအမူအရာမျိုးဖြင့် ပြေးထွက်သွားပါသည်။

ဘုန်းမြတ်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်း ကျေနပ်လို့နေသည်။ မထင်မှတ်ဘဲ ရည်ရွှယ့်ကိုတွေ့ခဲ့ရပြီး ရည်ရွှယ်၏လျှို့ဝှက်ချက်ကို သိလိုက်ရသဖြင့် ယခုလို အခြေအနေမျိုးတွေ လွယ်ကူစွာ ဖြစ်လာတာလို့။ အဖြစ်မှန်တွေကိုများ ရည်ရွှယ်သိခဲ့လျှင် ဘာတွေဆက်ဖြစ်မည်နည်း။ သေချာတာကတော့ ဘုန်းမြတ်တစ်ယောက် ရည်ရွှယ့်ကို စွဲလမ်းမြတ်နိုးသွားပြီ ဆိုတာပါပဲ။

ရှုသည်ပဲ ပြောပြော၊ ရည်ရွှယ်သောက်လို့ ကျန်ခဲ့သည့် ရည်ရွှယ့်နှုတ်ခမ်းနှင့် ထိတွေ့ခဲ့ရသည့် ကော်ဖီမစ်ခွက်လေးကို မြတ်မြတ်နိုးနိုး နမ်းလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပရိယာယ်နှင့် ငါးစာတပ် ငါးမျှားခဲ့တာ မှားခဲ့ပြီလေလား ကွယ်။

❑

"ရည်ရွယ် . . . ဒါဆို ပေဒင်မောတဲ့အတိုင်း တကယ်ဖြစ်သွား ပြီပေါ့နော်၊ ဟယ် . . . ငါတို့တော့ အံ့သြတယ်၊ ရေရှိတဲ့နေရာမှာ ပေဒင်က နင့်ဖူးစာရှင်ဝတ်တဲ့ အဝတ်အစားတွေ အသုံးဆောင်ပစ္စည်းတွေနဲ့ တိုက် ဆိုင်တာ ရုပ်ရှင်ထဲက အတိုင်းပဲ"

တည်းခိုရာ ဘန်ဂလိုကို ရောက်ရောက်ချင်း ရည်ရွယ်က ဝမ်း သာအားရဖြင့် မနေနိုင်ဘဲ ပြောမိသဖြင့် အေးအေးချစ်က တော်တော် အံ့အားသင့်နေပါသည်။

"သူလည်း ငါ့လိုပဲ ပေဒင်ကိုလည်း ယုံတယ်၊ ကံကိုလည်း ယုံတယ် ပြီးတော့ အပြောအဆိုကလည်း ယဉ်ကျေးချိုသာတယ်၊ ငါလေ သူ့ကို တွေ့တွေ့ချင်း ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ သူနဲ့စကားပြောရတာကိုပဲ ကျေနပ်နေတာ၊ ရင်ထဲမှာလည်း ဘာလိုလိုနဲ့"

"ရည်ရွယ် . . . နင့်ဟာက မလွန်လွန်းဘူးလား၊ တွေ့တာက ငါးနာရီတောင် မကြာသေးဘူး၊ နင်ကအဖြစ်သည်းနေပြီ"

"အဖြစ်သည်းနေရင်လည်း မတတ်နိုင်ဘူး ဝင်းပပရယ်၊ တခဏ မှာပဲ ငါ့ရဲ့မာနတွေဟာ သူ့အတွက်ဖြစ်သွားပြီလား မသိဘူး၊ အဲဒါက ပေဒင်ဆရာမဟောခဲ့တဲ့ လှူဆော်မှုတွေလည်း ပါမှာလို့ ငါထင်တယ်"

ဝင်းပပက သန်းသန်းဆင့်ကို ကြည့်ရင်း . . .

"သန်းသန်းဆင့်ရယ် ကံကြမ္မာများနော် ပေဒင်ဟောတဲ့ထဲက



www.burmeseclassic.com

www.burmeseclassic.com



လိုမျိုး မထင်မှတ်ဘဲ ရည်ရွယ့်ခမျာ ဒီချောင်းသာရောက်လာရတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ရည်ရွယ့်ဖူးစာရှင်က ရည်ရွယ်မျှော်လင့်ထားသလို မလွဲမသွေ ချုပ်စွပ်တူနေတော့ ငါတော့ဖူးစာဆိုတာကို ဘယ်လိုနားလည် ရမှန်း မသိဘူး"

"နင်တို့ နားလည်တာတွေ မလည်တာတွေ အသာထား၊ ငါက တော့ ဘုန်းမြတ်ဆိုခဲ့သူကို ဒီညမီးပုံပွဲကို ဖိတ်လိုက်တယ် ဝင်းပပရေ"

"ဟဲ့ . . . ရည်ရွယ်၊ နင်ကလည်း ကြည့်လုပ်ပါဦး၊ မနေ့ညက ဘယ်ကလူတွေလည်း မသိဘူး၊ ရောက်လာပြီး ခတ်ပုံလာရိုက်လို့ ငါတို့ကို အုပ်ချုပ်တဲ့ ဆရာမဒေါ်နီလာတင် ဒေါသဖြစ်ပြီး ဘာဘာညာညာဖြစ်တာ နင်က ဘန်ဂလိုမှာပဲ အိပ်ပျော်နေလို့ အစအဆုံးမသိတာ၊ တော်ကြာ ပြဿနာဖြစ်နေဦးမယ်"

"မပူပါနဲ့ဟယ်၊ ငါ့ပြဿနာကို ငါရှင်းနိုင်ပါတယ်၊ သူလာကို လာမှာပါ၊ ငါက သူနဲ့လေ စကားတွေ တစ်ဝကြီးပြောချင်နေတာ၊ သူဘာတွေ ပြောမလဲ၊ ငါက နားထောင်လိုက်ဦးမယ်၊ အဲဒါဟာ ရူးသွပ်မှုဆိုရင်တော့ ငါလည်း မတတ်နိုင်ဘူး"

ရည်ရွယ်က သူ့ရင်ထဲပြောချင်တာတွေ ရင်ဖွင့်လိုက်ရလို့ ကျေနပ်သွားပါသည်။ သူငယ်ချင်းမသုံးဦးကတော့ ရည်ရွယ့်ကို နားမလည်သလို အကြည့်တွေနှင့် ကြည့်နေလို့။

အချစ်ဆိုတာ လူတိုင်းနားလည်စရာ ဟုတ်လို့လား။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

လှိုင်းတွေကို

တို့နှစ်ယောက်လက်နဲ့

ကောက်ချင်ပါရဲ့။

ဒါပေမယ့် . . .

ဘုရားသခင်က ပညတ်တော့

ပစ္စုပ္ပာန်မှာ

ကောင်းကင်က လမင်းကြီးကိုပဲ

တစ်ဝကြီးမြိန်ရည်ယှက်ရည်

နှစ်ယောက်သားတစ်ယောက်တစ်လှည့်

ခုန်ခုန်ပမ်းရုံပဲ ရှိတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ရည်ရွှယ် တော်တော်အံ့အားသင့်သွားပါသည်။ ဘုန်းမြတ်က ဂီတာကိုယူလာပြီး မီးပုံပွဲကျင်းပရာနေရာသို့ ရောက်လာလို့ဖြစ်ပါသည်။ ထို့အပြင် ရည်ရွှယ်တို့လို ကျောင်းသူတွေကို အုပ်ချုပ်သော ဆရာမကို လည်း မကြောက်မရွံ့နှင့် ရည်ရွှယ်ဘယ်မှာရှိသလဲမေးလို့ ဖြစ်ပါသည်။ သည်တစ်ခါတော့ အုပ်ချုပ်ရေးမှူးဆရာမက ဘယ်လိုစိတ်ကူးပေါက် သည်မသိ။ ရည်ရွှယ်ထိုင်နေသော အုန်းပင်တွေအောက်က ဒန်းကလေး ရှိရာသို့ ညွှန်ပြပေးပါသည်။ မီးပုံပွဲမှာရှိနေသည့် သူငယ်ချင်းတွေကတော့ သိပ်စိတ်ဝင်စားပုံ စပ်စုချင်ပုံမရ။ မီးပုံပွဲထဲ အပျော်တွေက ရောက်လို့နေ သည်။

"ကျွန်တော့်ကို စောင့်နေရတာ အားနာလိုက်တာဗျာ"

"အို . . . မဟုတ်ပါဘူး၊ ရည်ရွှယ်က မီးပုံပွဲမှာ လူရှုပ်နေလို့ မသွားချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရည်ရွယ်ဘာလုပ်မလဲ"

ရည်ရွယ်က ဒန်းကလေးပေါ် ထိုင်နေရာမှ ထလိုက်သည်။

"ကမ်းခြေက သဲသောင်ပြင်ပေါ်မှာ သွားထိုင်မယ်၊ ကောင်းကင်က လမင်းကြီးကို ပင်လယ်ပြင်ပေါ် အရိပ်ကျနေတဲ့ လမင်းကြီးကိုကြည့်ပြီး ဘုန်းမြတ်က ဂီတာတီးပြီး သီချင်းဆိုတာကို နားထောင်မယ်"

"ဒါဆို ရော့ . . ဒီခေါင်းဆောင်းလေး ဆောင်းလိုက်၊ နှင်းကျတော့ နှာမွန်မှာစိုးလို့"

ရည်ရွယ် ကျေနပ်လိုက်တာ။ ဘဝမှာ သည်လိုသိတတ်မှုမျိုးရှိသော ချစ်သူမျိုးကို ပိုင်ဆိုင်ချင်ပါသည်။ ရည်ရွယ်က ခေါင်းဆောင်းကို သူမ ဦးခေါင်းမှာ ဆောင်းလိုက်ပါသည်။

"ကျွန်တော်နဲ့ ဒီလိုသွားလို့ ကောင်းပါ့မလား၊ ပတ်ဝန်းကျင်က တစ်မျိုးမြင်ဦးမယ်"

"ရပါတယ် ဘုန်းမြတ်ရဲ့၊ သောင်ပြင်မှာ ဒီလိုမျိုး လမ်းလျှောက် ဂီတာတီး မီးပုံဖိုနေသူတွေတောင် ရှိနေတာပဲ၊ ဒီကမ်းခြေရောက်ရင် ဒီလောက်တော့ ရှိမှာပေါ့"

"ဒါဆိုလည်း ပြီးရောလေ၊ ကျွန်တော့်ကြောင့် ရည်ရွယ်သိက္ခာကျ တန်ဖိုးလျော့စရာ ဖြစ်မှာစိုးလို့ပါ"

ထို့နောက်တော့ နှစ်ယောက်သား မီးပုံပွဲလုပ်သည့် နေရာကနေပြီး အုန်းပင်တွေကို ကွေ့ဝိုက်ကာ ဖြတ်သန်းလျှောက်လှမ်းရင်း သောင်ပြင်ဆီသို့ လာခဲ့ကြသည်။

❑

ကမ်းခြေက သောင်ပြင်မှာတော့ ထိန်ထိန်သာနေသည့် လရောင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ လမ်းလျှောက်သူလျှောက် ဂီတာတီးသူတီးနှင့် စည်ကားလို့ နေသည်။

ထိန်ထိန်သာနေသော လမင်းကြီးအရိပ်က ပင်လယ်ပြင်ကြီးထဲ ကျနေလို့။ လှိုင်းသံတွေက တစ်ခါတစ်ရံ ကျယ်လာလိုက် တိုးလာလိုက်နှင့် နရီစည်းဝါးကျနေသလိုပင်ဖြစ်သည်။ ဘုန်းမြတ်နှင့် ရည်ရွှယ်တို့က သဲပြင်ပေါ် ထိုင်ချလိုက်သည်။

"ဘာသီချင်းနားထောင်မှာလဲ"

"ဘုန်းမြတ် ကြိုက်တဲ့သီချင်းတီးလေ"

"စိုင်းထီးဆိုင်သီချင်း ကြိုက်လား"

"ကောင်းတာပေါ့"

ဘုန်းမြတ်က ဂီတာကြိုးကို အသံညီမညီ တီးခတ်ကြည့်လိုက်သည်။ ပြီးတော့ ကြိုးတွေကို ဟိုညှိဒီညှိ ညှိလိုက်သည်။

"နေမင်းရဲ့အလင်းရောင်သည်လည်း ××× မနေ့ကနဲ့မတူတော့ပြီ ×××အားသစ်အင်သစ်တွေ ဆောင်ကျည်းပေးခဲ့လို့ငါသည် ××× အချစ်အတွက်တဖန် မွေးဖွားခဲ့ပြီ ××× ငှက်ကျေးရဲ့တေးသံတွေလည်း ××× အချစ်အတွက် တဖန်မွေးဖွားခဲ့ပြီ ×××"

ရည်ရွှယ် သီချင်းပြီးလို့ ပြီးသွားမှန်းတောင် မသိလိုက်ရ။ ဘုန်းမြတ်ဂီတာတီးပြီး သီချင်းဆိုနေသော သီချင်းသံကို နားထောင်နေရင်း သူမ ကမ္ဘာတစ်ခုသို့ ရောက်နေသလို ခံစားရသည်။ ထိုကမ္ဘာထဲမှာ သူမရှိသည်။ ဘုန်းမြတ်ရှိသည်။ ဥရောပဆန်သော အိမ်ငယ်လေးရှိသည်။ ဝဝကစ်ကစ်နှင့် ချစ်စရာကောင်းသော သုံးနှစ်အရွယ် ယောကျာ်းလေးတစ်ယောက်နှင့် ဆံပင်ရှည်ရှည်နှင့် ဂါဝန်ဝတ်ထားသည့် ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦးတို့ရှိသည်။ သီချင်းတွေဆိုကြ မုန့်တွေစားကြ



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းထဲမှာ မိသားစုလေးဦး ဆော့ကစားကြနှင့် ဘဝသည် ပျော်ရွှင်ချမ်းမြေ့မှုအတိ။ ပိုးချည်မျှင်တို့ဖြင့် ယက်ဖွဲ့ထားသလို နေ့ရက်တို့သည် ရွှေရောင်အလင်းတန်းတို့ဖြင့် ထည်ဝါလို့နေပါသည်။

"ရည်ရွယ် ဘာတွေဒီလောက်တောင် တွေးနေတာလဲ၊ ကျွန်တော့်သီချင်းက ဆုံးသွားပြီလေ"

ဘုန်းမြတ်က သတိပေးတော့မှပဲ ရည်ရွယ်သတိပြန်ဝင်လာပါသည်။

"ဘုန်းမြတ်ဆိုတဲ့ သီချင်းကို နားထောင်နေရင်း ကျွန်မမျှော်လင့်ထားတဲ့ဘဝကို တွေးနေမိလို့ပါ၊ ကျွန်မဘဝမှာ အဲဒီလိုဘဝမျိုးဖြစ်ချင်တာဟာ ကျွန်မရဲ့ရှင်သန်မှုပဲလေ"

"အဲဒီဘဝရဲ့ ရှင်သန်မှုကို ကျွန်တော် သိခွင့်ရှိမလား"

ဘုန်းမြတ်က လရောင်အောက်မှာ ရည်ရွယ်၏ မျက်နှာကိုကြည့်ပြီး မေးလိုက်မိပါသည်။

"ရင်ထဲမှာ ချမ်းမြေ့လှပါသည် ချစ်သူရည်ရွယ်"

"ကျွန်မလေ ဆေးလိပ်မသောက်တဲ့၊ အရက်မသောက်တဲ့၊ လိမ်ညာမပြောတတ်တဲ့ ချစ်သူတစ်ဦးကို ဘဝခရီးဖော်အဖြစ် လက်တွဲချင်တယ်၊ မိဘချမ်းသာတာကို မလိုလားဘဲ ကိုယ့်ကြိုးစားမှုနဲ့ ရရှိလာတဲ့ငွေနဲ့ဆောက်ထားတဲ့ ဥရောပဆန်တဲ့အိမ်ကလေးမှာ အတူနေရင်း ချစ်စရာကောင်းတဲ့ ဝဝကစ်ကစ် သားလေးတစ်ဦးနဲ့ ဆံပင်ရှည်ရှည် သမီးလေးတစ်ယောက်မွေးမယ်၊ ဘဝမှာ ချစ်တဲ့သူနဲ့ သားနဲ့ သမီးနဲ့ နေရရင် အဲဒီ့လူလောက် တန်ဖိုးရှိတာ ရှိပါ့ဦးမလား ဘုန်းမြတ်"

ကြားလိုက်ရသည့် စကားတွေက ဘုန်းမြတ်ရင်ထဲသို့ မီးကျီခဲတွေ လည်ချောင်းဝက ထိုးသွင်းလိုက်သလိုပါပဲ။ ဘုန်းမြတ် ဘာပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရမှန်း မသိတော့ပါ။

တကယ့်ကို အပြစ်ကင်းစင်ပြီး ချစ်မေတ္တာတရားကို တန်ဖိုးထားသည့် အမျိုးသမီးတစ်ဦးအား သူလှည့်ဖျားမုသားပြုခဲ့မိသည်မှာ မှားသွားပြီလား မသိ။

ဘုန်းမြတ် ဆုတောင်းပါသည်။ မေတ္တာဆူးတွေ တစ်ချောင်းပြီး တစ်ချောင်း မဆူးနစ်ပါစေနှင့်လို့။

"ဘုန်းမြတ် . . . ဘုန်းမြတ် . . . စကားလေးဘာလေး ပြောဦးလေ၊ ဘယ်လိုဖြစ်လို့ ကျောက်ရုပ်ကြီးလို ငြိမ်သွားရတာလဲ"

ဘုန်းမြတ်က ပေါင်ပေါ်တင်ထားသော ဂီတာကို ဘေးသို့ချလိုက်သည်။

"မျှော်လင့်ချက်ရှင်သန်မှုဆိုတာ တစ်ကိုယ်တည်းတွေးပြီး ကြည်နူးရတာထက်စာရင် နှစ်ယောက်ကြည်နူးရတာက ပိုကောင်းတာပေါ့"

"ဘုန်းမြတ်က ဘာကိုရည်ရွယ်ပြီး ပြောတာလဲ"

"ကျွန်တော်နဲ့ ရည်ရွယ်တို့ ကံတရားကြောင့် တွေ့ရတာ၊ တစ်ရက်တည်းရှိသေးတာပဲ၊ နောက်တော့ ဘာကိုရည်ရွယ်သလဲဆိုတာ ပြောပါ့မယ်"

ထို့နောက်တော့ နှစ်ယောက်သား ပင်လယ်ကြီးကို ဘာစကားမှ မဆိုဘဲ ကြည့်နေမိသည်။ နှင်းက ကျလာပြီး နည်းနည်းပိုအေးလာပါသည်။

"ရည်ရွယ် အအေးဒဏ်ခံနိုင်လား၊ ပြန်ချင်ရင် ပြန်နော်၊ တော်ကြာ ဖျားနာမှာစိုးလို့ ချောင်းသာလာတာ ကောင်းကောင်းမပျော်လိုက်ရဘဲ ဖြစ်သွားမယ်"

"မပြန်ချင်သေးဘူး၊ ဒီလိုအရသာမျိုးကို ခံစားချင်လို့ ဒီကိုနေရာရောက်လာရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွှယ်က ကောင်းကင်မှာသာနေသည့် လမင်းကြီးကို ကြည့်လိုက်သည်။ လရောင်က ယခုမှ ပိုမိုထွန်းလင်းနေသလိုပင်။

"တစ်ခါတလေ ကျွန်မက သိပ်စိတ်ကူးယဉ်တတ်တယ်၊ ဟောဒီသာနေတဲ့လမင်းကြီးကိုကြည့်ပြီး ကျွန်မတွေးမိတယ်'

"ဘာတွေးမိလို့လဲ ရည်ရွှယ်ရဲ့'

"ဩော် .... ပင်လယ်ထဲမှာ တဝုန်းဝုန်း ရိုက်ခတ်နေတဲ့ လှိုင်းတွေကို ကျွန်မတို့နှစ်ယောက်ရဲ့ လက်တွေနဲ့ မကောက်ယူချင်လိုက်တာသိလား၊ ဒါပေမယ့် ရမှာမဟုတ်ဘူး၊ ဘုရားသခင်က ပညတ်ထားတော့ဟော . . . အခုမြင်နေရတဲ့ ကောင်းကင်က လမင်းကြီးကိုပဲ ပစ္စုပ္ပာန်ကာလမှာ တစ်ဝကြီး မြိန်ရည်ယှက်ရည်ကြီး ဘုန်းမြတ်နဲ့ကျွန်မ တစ်ယောက်တစ်လှည့် ခုန်ခုန်ဖမ်းရင် ကောင်းမလားလို့"

ရည်ရွှယ့်စကားကြောင့် ဘုန်းမြတ် ရယ်မိပါသည်။ကလေးဆန်သည့် အတွေးနှင့် လွတ်ပြီးကျက်သရေရှိသည့် ချစ်သူ။ ညအမှောင်မှာတောင် ချစ်သူရဲ့စကားသံတွေကို လှိုင်းတွေကတောင် ရပ်တန့်ပြီး နားစွင့်နေသလားကွယ်။

"ဒါဆို လာ . . . မတ်တပ်ထ"

"ဘာလုပ်ဖို့လဲ"

"လမင်းကြီးကို တစ်ယောက်တစ်လှည့် ခုန်ဖမ်းမယ်လေ"

"တကယ်နော်"

"တကယ်ပေါ့"

ဘုန်းမြတ်နှင့် ရည်ရွှယ်တို့နှစ်ယောက်သား ထိုင်နေရာမှ ထလိုက်သည်။

"ခုန်ပြီ . . . မိပြီဟော့"



www.burmeseclassic.com

www.burmeseclassic.com



"မိလည်းမမိဘဲနဲ့"

"ဒါဆို ရည်ရွှယ်ခုန်"

"ခုန်ပြီ . . . မိပြီ"

"မညာနဲ့၊ ဘယ်မှာမိလို့လဲ၊ ကျွန်တော် ခုန်ပြန်မယ်"

"ယား . . . ဘာရမလဲ"

"ဒီမှာ မိတော့မယ်"

"မမိပါဘူး၊ ရည်ရွှယ်ခုန်ပြီး ဖမ်းပြီ"

"လွတ်သွားပြီမဟုတ်လား၊ ဘယ်ရမလဲ၊ ကျွန်တော် ခုန်ဖမ်းမယ်"

"ဟာ . . . ဟာ . . . လွတ်သွားပြန်ပြီ"

"မမိသေးဘူးနော်၊ ရည်ရွှယ်ခုန်ရလွန်းလို့ မောလာပြီ"

"ကျွန်တော်လည်း မောလာပြီ"

ဘုန်းမြတ်နှင့်ရည်ရွှယ် နှစ်ယောက်သား လမင်းကို တပြိုင်တလှည့် သဲသောင်ပြင်မှာ ခုန်ခုန်ဖမ်းပြီး ဆော့ကစားနေတာ မောသွားပြီး ခြေထောက်တွေခွေကာ သဲပြင်ပေါ်လဲကျသွားပါသည်။

သဲပြင်ပေါ်လဲကျနေသူနှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အင်္ကျီအဝတ်အစားတွေမှာ ပေနေသော သဲတွေကို ခါရင်း ရယ်မောနေကြတာ ပင်လယ်ထဲမှာ ရိုက်ခတ်နေသော လှိုင်းသံတွေတောင် တိမ်ဝင်သွားသလား ထင်ရပါသည်။

ဘုန်းမြတ်ကော ရည်ရွှယ်ပါ စဉ်းစားမိမှာပါ။ အချစ်ဆိုတာ လမင်းကြီးကို ခုန်ခုန်ဖမ်းသလိုမျိုးတော့ မဟုတ်မှာ သေချာပါသည်လို့ . . ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ရှေ့က ဦးဆောင်ချင်လို့လား။

ဒီလိုမှမဟုတ်

နောက်ကပဲ လိုက်ပါချင်လို့လား။

နှစ်ခုလုံး မသင့်တော်ပါဘူး။

လာပါကွာ . . .

ကိုယ်နဲ့မင်းနဲ့

အတူတေးချင်းယှဉ်တွဲသွားကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

“ဒါဆို မင်းဘယ်လိုဆက်လုပ်မလဲ၊ ဟိုက မင်းကို သူ့ရဲ့ကံကြမ္မာကြောင့် တွေ့ရတဲ့ ဖူးစာရှင်လို့ ယုံကြည်တာ သေချာသွားပြီ၊ မင်း သူ့ကို ချစ်ခွင့်ပန်ရင်တောင် သူက ငြင်းပယ်မှာမဟုတ်ဘဲ အဖြေပေးမှာပဲ”

လေတိုက်သဖြင့် ဘန်ဂလိုရှေ့တွင် ပေါက်ရောက်နေသော အုန်းပင်များရှိ အုန်းလက်တွေက ဟိုဒီယိမ်းနေသည်။ တင်မြင့်ဦးစကား နားထောင်နေသော ဘုန်းမြတ်က ဘာစကားမှ ပြန်မပြောဘဲ ဘီယာကိုသာ သောက်လို့နေမိသည်။

“တင်မြင့်ဦးပြောတာ ဟုတ်တယ်၊ ဒါနဲ့ မင်းဒီနေ့ ရည်ရွယ်နဲ့ သွားတွေ့ဦးမှာလား၊ ကြည့်လည်းလုပ်ကွာ၊ ဘီယာနဲ့တွေ ဆေးလိပ်နံ့တွေ ရလို့ ပြဿနာတက်ကုန်မယ်၊ ဟိုက မင်းကို ရိုးသားတဲ့လူလို့ ထင်နေတာ”

“ဝင်းကိုပြောတာ မင်းဂရုစိုက်နော်၊ စီးကရက်နံ့က ပိုဆိုးတယ်၊ လက်မှာစွဲနေတာ”



www.burmeseclassic.com

www.burmeseclassic.com



သိန်းစိုးက ပန်းကန်ထဲတွင် ထည့်ထားသည့် အာလူးကြော်ကို နှိုက်စားလိုက်သည်။

"ဒီနေ့ ငါနဲ့ ရည်ရွှယ်နဲ့ နေ့လည်စာစားဖို့ ချိန်းထားပါတယ်၊ မင်းတို့ပြောတာ မှန်ပါတယ်ကွာ၊ အင်မတန် ရိုးသားဖြူစင်တဲ့ ရည်ရွှယ့် မေတ္တာကို ငါအကွက်ဆင်ပြီး ပြုမူမိတာ မှားပြီလား မသိဘူး၊ ခက်တာက ငါလေ ရည်ရွှယ့်ကို မစွန့်လွှတ်နိုင်ဘူး၊ ပြီးတော့ သူနဲ့တွေ့ဆုံဖို့ကို ကံကြမ္မာက တွန်းပို့လိုက်တာဆိုတော့ ဒီအခွင့်အရေးကို ငါအသုံးချရမှာပေါ့"

"ဘုန်းမြတ် အဖြစ်မှန်တွေ မင်းရည်ရွှယ့်ကို ဖွင့်ပြောလိုက်ရင် ကော"

"မဖြစ်သေးဘူး တင်မြင့်ဦးရ၊ အချိန်က စောသေးတယ်လို့ ငါထင်တယ်၊ ဘုန်းမြတ်နဲ့ ရည်ရွှယ်နဲ့က အခုမှ အရှိန်တက်ကောင်းတုန်း ရှိနေသေးတာ"

တင်မြင့်ဦး၏ အကြံပြုချက်အား ဝင်းကိုက ကန့်ကွက်စကားဆို လိုက်ပါသည်။

"ဒါတွေ ငါတော့ မသိချင်ဘူးကွာ၊ ဒီမှာ နောက်ထပ်နှစ်ရက် နေပြီးရင် ရန်ကုန်ပြန်ကြရမှာ၊ ဒီမှာရှိနေတုန်း အချိန်လေးမှာပဲ ငါလေ ရည်ရွှယ်နဲ့ သွားသွားလာလာ ကြည်နူးချင်တယ်၊ ကျန်တာတွေကိုတော့ ဘာမှခေါင်းရှုပ်ခံ မစဉ်းစားချင်ဘူး၊ ဒီတော့ ပင်လယ်ထဲရေဆင်းကူးမယ်၊ ပြီးရင် ရည်ရွှယ်ရှိတဲ့ ဟိုတယ်ကို သွားမယ်၊ တစ်ဆိုင်ဆိုင်မှာ သွားစား မယ်"

ဘုန်းမြတ်က ထိုင်ရာမှထကာ အခန်းတံခါးကိုဖွင့်၊ ဘောင်းဘီတို စွပ်ကျယ်လက်ပြတ်ဝတ်ဆင်ပြီး ဘန်ဂလိုကနေ ကမ်းခြေဆီသို့ ရေကူးဖို့ ပြေးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ရွှေလျှောက် ဘုန်းမြတ်ရဲ့ ဇာတ်လမ်းဘွဲ့တွေကို တီဗွီဖန်သားပြင်မှာ ကြည့်ရတော့မှာပဲဟေ့"

ဝင်းကိုစကားကို သိန်းစိုးနှင့် တင်မြင့်ဦးတို့က ဘာမှတ်ချက်မှ မပေးဘဲ လက်ကျန်ဘီယာများကို ဖန်ခွက်ထဲထည့်ပြီး သောက်လို့နေရင်းက ဘာနံဂလိုပတ်ဝန်းကျင်တစ်ဝိုက်ကို ဟိုကြည့်ဒီကြည့်နှင့် ရှိနေပါတော့သည်။

❑

ကျောက်ဆောင်တွေဆီသို့ လှိုင်းတွေက တဝုန်းဝုန်းနှင့် ဒေါသတကြီး ရိုက်ခတ်လို့နေသည်။ ကောင်းကင်ကြီးက သည်နေ့မှာမှ ကြည်လင်ဝင်းပလို့ နေသလားပင်။ ကျောက်ဆောင်တွေဆီကနေ လှမ်းကြည့်လိုက်လျှင် ကမ်းခြေသောင်ပြင်မှာ ဘောလုံးကန်သူတွေ စက်ဘီးစီးသူတွေ ပင်လယ်ထဲဆင်းပြီး ရေကူးသူတွေ ဘောကွင်းတွေနှင့် ကူးခတ်ကစားနေသူတွေကို လှမ်းမြင်နေရသည်။

ဘုန်းမြတ်နှင့် ရည်ရွယ်တို့ ထိုင်နေသော နေရာက အတော်ဝေးသဖြင့် အသံတွေကိုတော့ သိပ်မကြားရ။ ဘုန်းမြတ်နှင့် ရည်ရွယ်တို့ကတော့ ကျောက်ဆောင်မှာ ထိုင်ရင်းက ပင်လယ်ပြင်ကြီးကို ငေးကြည့်နေကြသည်။ လှေငယ်လေးတချို့ကတော့ ပင်လယ်ပြင်ကြီးထဲမှာ လှော်ခတ်ရင်း ငါးရှာနေကြသည်။

"နက်ဖြန်ညနေဆို ကျွန်တော်တို့ ပြန်ကြရမယ်နော်"

နှစ်ယောက်သား တိတ်ဆိတ်ခြင်းကို ဘုန်းမြတ်က စတင်ဖြိုခွင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ဘုန်းမြတ်ရယ်၊ ရန်ကုန်မှာလည်း ရည်ရွှယ်တို့ တွေ့လို့ရတာပဲ မဟုတ်ဘူးလား"

"မှန်တော့ မှန်ပါတယ်၊ ဒါပေမယ့် အရသာခံစားမှုချင်း တူမှာ မဟုတ်ဘူး"

"ဘယ်လို အရသာခံစားမှုချင်း မတူတာလဲ၊ ရည်ရွှယ်တော့ နားမလည်ဘူး"

"မထင်မှတ်ဘဲ ကံကြမ္မာကြောင့် ရည်ရွှယ်နဲ့ ကျွန်တော် ဆုံဆည်းခဲ့ရတယ်လေ၊ ကံကြမ္မာက ကျွန်တော်တို့နှစ်ယောက် ပေါင်းစည်းရအောင် ဆုံဆည်းပေးခဲ့တယ်၊ ဒီအခွင့်အရေးကို ဒီနေရာမှာ ကျွန်တော်လက်လွှတ် မခံနိုင်ဘူး ရည်ရွှယ်၊ တွေ့တာဟာ တဒင်္ဂလေးဆိုပေမယ့် အဲဒီတဒင်္ဂကို ကျွန်တော် ထာဝရမြတ်နိုးပြီး သိမ်းထားချင်ပါတယ်"

ရည်ရွှယ် ဘာပြန်ပြောရမှန်း မသိပါ။ နည်းနည်းတော့ ရင်တွေ ခုန်နေပါသည်။ သည်စကားကို ကြားတော့ကြားရလိမ့်မည်ဟု သူမထင် ထားခဲ့တာပါ။ ရည်ရွှယ်က ဘာမှမပြောသေးဘဲ ပင်လယ်ကြီးကိုသာ ငေးကြည့်နေပါသည်။

"ရည်ရွှယ် ကျွန်တော့်ကို တစ်ခုခုပြောပါဦးလေ၊ မတင်မကျကြီး မလုပ်နဲ့"

ရည်ရွှယ်က ဘုန်းမြတ်ကို ကြည်နူးပီတိဖြစ်သော အကြည့်နှင့် ကြည့်လိုက်ပြီး . . .

"ရည်ရွှယ့်ဘဝမှာ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး၊ ကံကြောင့် ရည်ရွှယ် မျှော်လင့်တဲ့သူကို တွေ့ခဲ့တယ်၊ ရည်ရွှယ်နဲ့ ဘုန်းမြတ်တို့ဘဝကို တိုးတက်ဖို့ ကြိုးစားရင်း စောင့်ဆိုင်းမယ်လေ၊ ဘွဲ့တွေရလို့ လုပ်ငန်းခွင်အသီးသီးမှာ အခြေတကျဖြစ်ရင် ရည်ရွှယ်ရယ် ဘုန်းမြတ်ရယ် ဥရောပဆန်တဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးရယ်၊ ပြီးတော့ . . .”

“ပြီးတော့ ဘာလဲ ရည်ရွှယ်ရဲ့”

“ရည်ရွှယ် ရှက်လို့ မပြောတော့ဘူး”

“ဒါဖြင့် ကျွန်တော် ပြောမယ်၊ ကျွန်တော်မြတ်နိုးတဲ့ ရည်ရွှယ့်ကို လေ ရှေ့ကနေလည်း ဦးမဆောင်ခိုင်းဘူး၊ ကျွန်တော့် နောက်ကနေလည်း မလိုက်ပါစေချင်ဘူး၊ ကျွန်တော်တို့နှစ်ယောက် ဘေးချင်းယှဉ်တွဲပြီး ဘဝ ခရီးကို လျှောက်ကြမယ်နော်”

ရည်ရွှယ်က ဘာမှမပြောဘဲ ဘုန်းမြတ်ပခုံးပေါ် ဦးခေါင်းကို မှီလိုက်ပါသည်။

ရည်ရွှယ့်ဘဝမှာ ချစ်သူပခုံးထက်ဝယ် တစ်ဘဝစာမှီခိုချင်ပါပြီ ကွယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကံတရားရယ်
ကျေးဇူးတော်အနန္တရယ်လို့
ချီးမွမ်းဂုဏ်ပြုတော့မှပဲ
သင့်ရဲ့ချွန်မြတဲ့ လက်သည်းတွေနဲ့
အမုန်းဆိုတဲ့ စကားလုံးကို
တစ်ဘဝစာ အမွေပေးခဲ့ရဲ့
ကျွန်တော် ညပေါင်းများစွာ
အလွမ်းကို စားသုံးရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သည်နေ့ညနေဆိုလျှင် ရည်ရွှယ်တို့ ချောင်းသာကမ်းခြေသို့လာသည့် အပျော်ခရီးကနေ ပြန်ရတော့မည်။ ရည်ရွှယ့်ဘဝမှာ သည်ခရီးကိုတော့ ဘယ်လိုမှ မေ့ရနိုင်မည် မဟုတ်ပါ။ ကံတရားက ဖန်တီးပေးလို့ ဘဝခရီးဖော်ချစ်သူကို တွေ့ခဲ့ရသည်။ ရည်ရွှယ်ဖြစ်ချင်တာတွေ အနာဂတ်မှာ ဖြစ်တည်လာတော့မှာမို့ ရည်ရွှယ့်အတွက် ကြည်နူးမဆုံး ပျော်မဆုံးပါ။

ဒါကြောင့် ပြန်ခါနီး ရည်ရွှယ်က ဘုန်းမြတ်ကိုခေါ်ပြီး ချောင်းသာကမ်းခြေက စေတီမှာ နှစ်ယောက်သား ဘုရားဖူးမည်ဆိုပြီး ဘုန်းမြတ်ဟာမ်းဖုန်းကို ဆက်ပေမယ့် ဖုန်းပိတ်ထားသောကြောင့် မထူးတော့ပါဘူးဆိုပြီး ဘုန်းမြတ်တည်းခိုနေသည့် ဟိုတယ်ဘန်ဂလိုရှိရာသို့ လာခဲ့သည်။ ဘုန်းမြတ်တစ်ယောက် တည်းခိုသောနေရာသို့ သူမလာတာမြင်လျှင် အံ့အားသင့်လေမလားလို့ သူမ တွေးနေမိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ်ဆီလာတာ သူငယ်ချင်းမတွေက အဖော်လိုက်မလား လို့ ပြောတာတောင် ရည်ရွှယ်က ဟန့်တားခဲ့သေးသည်။

ဟုတ်တယ်လေ။ စဉ်းစားကြည့်ပေါ့။ ကိုယ်မြတ်နိုးသည့် သူနှင့် အတူယှဉ်တွဲ ဘုရားဖူးတာ ဆုတောင်းတာ သူတို့တတွေ လိုက်ဖို့မှ မလို တာ။

ဘုန်းမြတ်တည်းခိုသည့် ဘန်ဂလိုရှေ့ကိုရောက်တော့ အခန်းတံခါး ဖွင့်ထားတာ မြင်နေရသည်။ အထဲမှာ ဘုန်းမြတ်ရှိမှာပဲ။ သူမ လှမ်း ခေါ်လျှင် ဘုန်းမြတ်က ထွက်လာပြီး ဝမ်းသာအားရ ဖြစ်မှာပဲလို့။

"ဘုန်းမြတ်ရေ . . . ဘုန်းမြတ်"

အခန်းတံခါးဝကနေ ရည်ရွှယ်က လှမ်းခေါ်တော့ အခန်းထဲက နေ လူတစ်ယောက်ထွက်လာသည်။

"ဘုန်းမြတ် မရှိဘူး၊ ဈေးနားက ဆိုင်မှာ သူငယ်ချင်းတွေနဲ့ သွားစားတယ်၊ ကျွန်တော်က သူ့သူငယ်ချင်း တင်မြင့်ဦးပါ၊ ဘာကိစ္စ ရှိလို့လဲ"

"ကျွန်မ ရည်ရွှယ်ပါ"

"ဩော် . . . ရည်ရွှယ်ကိုး၊ ကိစ္စရှိလား၊ ကျွန်တော် သွားခေါ် ပေးမယ်၊ ခဏလေးထိုင်စောင့်နော်၊ ဒီဘန်ဂလိုက သွားရင် သိပ်မကြာ ပါဘူး"

"ဟုတ်ကဲ့၊ ကျွန်မစောင့်နေပါ့မယ်"

"ဒါဆို ကျွန်တော် သွားပြီ"

တင်မြင့်ဦးက အခန်းထဲကနေ ခြေလှမ်းတွေ ခပ်သွက်သွက်ဖြင့် ထွက်ခွာသွားသည်။

ရည်ရွှယ်က ဘန်ဂလိုရှေ့က ဝရန်တာမှာထိုင်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလား၊ ဒါမှမဟုတ် အခန်းထဲမှာနေလျှင်ကော ပတ်ဝန်းကျင်က ဘယ်လို မြင်လေမလဲလို့ တွေးရင်းက မထူးပါဘူး အခန်းထဲဝင်ပြီး နည်းနည်း ပါးပါး စပ်စုကြည့်ဦးမည်ဆိုပြီး အခန်းထဲကို မသိမသာ ကြည့်လိုက်တော့ စီးကရက်တိုတွေ၊ ဆေးလိပ်ပြာတွေ၊ သောက်လက်စ ဘီယာဗူးတွေ၊ အရက်ပုလင်းလွတ်တွေ၊ စားပွဲခုံပေါ်မှာ ဖရိုဖရဲ တွေ့ရသဖြင့် စိတ်ပျက် သွားသည်။

ဆေးလိပ်အရက်ကို မသောက်ဘူးဟုပြောသော ဘုန်းမြတ်တစ် ယောက် ဒါတွေ သူသောက်တာလား။ ဒါမှမဟုတ် သူ့သူငယ်ချင်းတွေ သောက်တာလားဆိုတာ ဘုန်းမြတ်လာမှ မေးရဦးမည်လို့။

အခန်းနှင့်ကပ်လျက် ခုတင်ပေါ်မှာ ဂီတာတင်ထားတာတွေ့ သဖြင့် ရည်ရွယ်ပျော်သွားပါသည်။ ဘုန်းမြတ်နှင့် သူမ စတင်တွေ့ခဲ့ တာသည် ဂီတာက တစိတ်တပိုင်း ပါဝင်ပတ်သက်နေတာယ်လေ။

သည်ခုတင်က ဘုန်းမြတ်အိပ်သည့် ခုတင်ပဲဖြစ်လိမ့်မည်။ ခုတင် ပေါ်မှာရှိသော ဂီတာကို ကိုင်ကြည့်လိုက်ဦးမည်ဟုဆိုပြီး ခုတင်နားသို့ အသွား ခုတင်ဘေးက စားပွဲခုံပေါ်မှာ စာရွက်တွေကို ကလစ်နှင့်ချုပ်ပြီး တင်ထားတာ တွေ့သဖြင့် ရည်ရွယ်က သူမအကြောင်း ဘုန်းမြတ်တစ် ယောက် ခံစားချက်အပြည့်နှင့် ရေးထားလေသလား ရင်ဖွင့်ထားလေ သလား သိချင်သဖြင့် ကောက်ယူကြည့်လိုက်သည်။

ရည်ရွယ် ဘယ်လိုမှ မထင်ထားပါ။ ဘာတွေဖြစ်လေသလဲ။ သူမ ရေးထားသော ဒိုင်ယာရီထဲက စာရွက်တွေက ဘယ်လိုလုပ် ဘုန်းမြတ်ဆီ မိတ္တူအနေမျိုးနှင့် ရောက်နေသလဲလို့။

ပြီးတော့ သူမ မနှစ်သက်သည့် အရာတွေ ရေးထားတာကို မင်နီဖြင့် မျဉ်းတွေတားထားသေးသည်။ သူမ ဖူးစာရှင်ကိုတွေ့မည်



www.burmeseclassic.com

www.burmeseclassic.com



အကျီအရောင်၊ ပစ္စည်း၊ ဦးထုပ်နှင့်ပတ်သက်ပြီး မင်နီဖြင့်လည်း ဝိုင်းထားသေးသည်။

သူမ၏ ဒိုင်ယာရီစာအုပ်ထဲက အချက်အလက်တွေအားလုံး ဘုန်းမြတ်ဆီ ဘယ်လိုရောက်လာသလဲ။ သူမ ရည်ရွယ်ထားသည့် အချက်အလက်တွေအားလုံး မျဉ်းတားထားသဖြင့် ရည်ရွယ် စာရွက်တွေကို ကိုင်ပြီး စဉ်းစားရင်းက တစ်စုံတစ်ခုကို တွေးမိပြီးပေါက်ကွဲသွားသည်။ သေချာပြီ။ သူမရေးသားသည့် ဒိုင်ယာရီစာအုပ်ကို ဘုန်းမြတ်ဘယ်ကနေ ဘယ်လိုရပြီး မိတ္တူပွားရင်းက သူမလျှို့ဝှက်ထားသည့် အကြောင်းတွေကို အသေးစိတ်တွက်ချက်ပြီး သူမ၏မေတ္တာကို ရအောင်ယူခဲ့တယ် ဆိုတာပဲ ဖြစ်သည်။

သူမ ဒိုင်ယာရီမိတ္တူစာရွက်တွေကို လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဘုန်းမြတ်ခါးကိုဖိတ်ကာ သည်ပြဿနာကို ချက်ချင်းရှင်းမည်။ ချောင်းသာကမ်းခြေဈေးနားက တစ်ဆိုင်ဆိုင်မှာတော့ ရှိကိုရှိရမည် ဆိုပြီး ထွက်လာခဲ့သည်။

လမ်းတစ်လျှောက် ရည်ရွယ်၏ဒေါသတွေက ဘုန်းမြတ်အပေါ် ပေါက်ကွဲမည့် ဗုံးတစ်လုံးလို ဖြစ်နေပါတော့သည်။

❑

ဘုန်းမြတ်က သောက်လက်စစီးကရက်ကို ဆက်မသောက်တော့ဘဲ လွှင့်ပစ်လိုက်သည်။ ဘီယာပုလင်းထဲက ဘီယာကို ခွက်ထဲငှဲ့ထည့်လိုက်ပြီး တစ်ကျိုက်တည်းမော့ချလိုက်တာကို သိန်းစိုးနှင့် ဝင်းကိုက ဘာမှ မပြောဘဲ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမြတ် . . . မင်းရဲ့ ဒီလိုပုံသာ မင်းမြတ်နိုးတဲ့ ရည်ရွယ်တွေ့သွားရင်တော့ ဇာတ်လမ်းက ပြီးပြီနော်"

"ဝင်းကို ပြောတာ မဟုတ်တယ်၊ မင်း ဘယ်လောက်ဟန်ဆောင်နိုင်မလဲ၊ မင်းဘယ်လောက် လိမ်နိုင်မလဲ၊ အဖြစ်မှန်သိရင်ႇမလွယ်ဘူးကွာ"

ဘုန်းမြတ်က ဘီယာပုလင်းကို ဘေးနားသို့ အနည်းငယ်ရွှေ့လိုက်ပြီး . . .

"ငါ ဆေးလိပ်သောက်တာ၊ ဘီယာသောက်တာ၊ လိမ်တတ်တာ၊ ညာတတ်တာတွေဟာ ဒါနောက်ဆုံးပဲ၊ ရန်ကုန်ကိုပြန်ရောက်တာနဲ့ ငါ့မှာရှိတဲ့ စရိုက်ဆိုးတွေကို ငါပြုပြင်ပြီး ငါ့ဘဝကို စိတ်သစ်လူသစ်နဲ့ပဲ စတော့မယ်၊ အဲဒါဟာ ရည်ရွယ်ဆိုတဲ့ ငါ့ချစ်သူရဲ့ တွန်းအားပေါ့ကွာ၊ သူ့ကို မထင်မှတ်ဘဲ တွေ့ရတယ်၊ သူ့မေတ္တာကို သူ့ဒိုင်ယာရီစာအုပ်ကိုဖတ်ပြီး ငါက လိမ်ညာယူခဲ့တယ်၊ သူက ဖြူစင်တယ်ကွာ၊ ငါလေ သူ့ကိုမြင်ရတိုင်း မညာချင်ဘူး၊ ငါ သန့်ရှင်းဖြူစင်တဲ့ပုံစံမျိုးနဲ့ပဲ သူမျှော်လင့်တဲ့အရာတွေကို အကောင်အထည်ဖော်ချင်တယ်၊ ကံတရားကြောင့် အချစ်ကိုတွေ့ခဲ့တာ ငါအလွယ်တကူနဲ့ မပျက်စီးစေချင်ဘူးကွာ၊ ဒါ ငါ့ရည်ရွယ်ချက်ပါ"

"ဒါပေါ့ ဘုန်းမြတ်ရာ၊ လူဟာ အချစ်နဲ့တွေ့ရင် ဘယ်ခံနိုင်မလဲ၊ ဒီလိုပြောင်းလဲတာ မင်းဘဝအတွက် အပြောင်းအလဲတစ်ခုဖြစ်လာမှာ၊ ဒီအပြောင်းအလဲဟာ မင်းအတွက် တိုးတက်မယ့် လက္ခဏာတွေပဲ၊ ဒီတော့ ဒီလက်ကျန်ဘီယာကို နောက်ဆုံးမင်းအတွက် သောက်ရအောင်"

သိန်းစိုးက ပြောရင်းဆိုရင်းကနေ လက်ကျန်ဘီယာကို ခွက်တွေထဲ လိုက်ထည့်ပေးသည်။

"ကဲ . . . ချီးယားစ်"

ဘီယာခွက်တွေ ကိုယ်စီကိုင်ပြီး အားလုံးမော့သောက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွက်တွေပြန်ချလိုက်စဉ် . . .

"ရော့ . . . ဘုန်းမြတ် ရှင်ယုတ်မာတာ ဒါအကုန်ပဲလား"

ဘုန်းမြတ် ဘယ်လိုမှ မထင်ထားပါ။ သည်နေရာကို ရည်ရွှယ် မည်ကဲ့သို့ ရောက်လာလေသလဲ။ ပြီးတော့ သူ့အခန်းထဲက ရည်ရွှယ်၏ ဒိုင်ယာရီစာရွက်တွေကို မိတ္တူပွားထားသော စာရွက်တွေကလည်း ရည်ရွှယ့် လက်ထဲ ဘယ်လိုရောက်သွားလေသလဲ မသိ။

စားပွဲခုံပေါ်မှာ ဒိုင်ယာရီမိတ္တူစာရွက်က သူနှင့်ဘာမှမဆိုင် သလို။ ရည်ရွှယ့်မျက်နှာမှာတော့ ဒေါသကြောင့်လား မသိ။ နှုတ်ခမ်းတွေ က တဆတ်ဆတ်တုန်နေသည်။

"ရှင်က ကျွန်မရဲ့ ဒိုင်ယာရီကို ဘယ်လိုကနေ ဘယ်လိုရသလဲ မသိဘူး၊ ကျွန်မဒိုင်ယာရီကိုဖတ်ပြီး ကျွန်မရဲ့နှလုံးသားကို ကစားတယ်၊ ကျွန်မကို အယုံသွင်းတယ်၊ ကျွန်မ ဘယ်လိုခံစားရမလဲ၊ တကယ်တော့ ရှင် မမှားဘူး၊ ကျွန်မ မှားတာ၊ ပေဒင်နဲ့ကံကိုယုံပြီး ရှင့်ကို ယုံကြည်ခဲ့တာ၊ ရှင်က ဒါကိုအသုံးချပြီး ကျွန်မရဲ့မေတ္တာကို လှည့်စားဖျားယောင်းလိမ်ညာ ယူခဲ့တာ၊ ရှင်နဲ့ကျွန်မနဲ့ ဒီမှာတင် ဇာတ်လမ်းပြတ်ပြီ"

ဘုန်းမြတ်ကို ဒေါသသံပါသည့် စကားလုံးတွေနှင့်ပြောပြီး ရည်ရွှယ် က ဆိုင်ထဲကနေ ထွက်သွားပါသည်။

"ရည်ရွှယ် . . . ရည်ရွှယ် . . . နေဦး၊ ရှင်းပြပါရစေဦး"

ဘုန်းမြတ်က ရည်ရွှယ့်နောက်ကို ပြေးလိုက်ရင်းက လှမ်းခေါ်ပါ သည်။

"ရှင် . . . ဘာလို့ ကျွန်မ နာမည်ကိုခေါ်နေတာလဲ"

"နေပါဦး ရည်ရွှယ်၊ ကျွန်တော် ရှင်းပြတာ နားထောင်ပေးပါ၊ ပြီးမှ ရည်ရွှယ်ကြိုက်သလိုဆုံးဖြတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင် ဘာတွေထပ်ပြီး ကျွန်မကို လှည့်စားဦးမှာလဲ၊ ကျွန်မ ဘာမှ မသိချင်ဘူး”

“မသိချင်လို့ မရဘူး ရည်ရွယ်၊ ကျွန်တော်ကတော့ အဖြစ်မှန်ကို ပြောရမှာပဲ၊ လာပါ . . . ဟောဟိုက နေရာလေးမှာထိုင်ပြီး ကျွန်တော် ပြောတာ နားထောင်ပေးပါ”

ဘုန်းမြတ်က အုတ်ခုံဘောင်လေးမှာ ထိုင်ခိုင်းသဖြင့် ရည်ရွယ်က မထိုင်ချင်ထိုင်ချင်နှင့် ထိုင်လိုက်သည်။

“ကျွန်တော် ရှင်းပြပါရစေ၊ ဒီဗိုင်ယာရီမိတ္တူက ဘယ်လိုလုပ်ပြီး ကျွန်တော့်ဆီ ရောက်လာသလဲဆိုတော့ xxxxxxxxxxxxxxxx”

ဘုန်းမြတ်က ဖြစ်ပျက်သည့် အကြောင်းအရာတွေကို အစမှ အဆုံး အသေးစိတ်ရှင်းပြတာကို ရည်ရွယ်က နားထောင်နေပေမယ့် လုံးဝ ကျေနပ်သည့် အမူအရာမျိုး မတွေ့ရ။

“ရှင် ပြောချင်တာ ဒါပဲမဟုတ်လား၊ ကျွန်မ ရှင့်ကို အပြတ်ပြော မယ်၊ ကျွန်မကို ရှင် [illegible]က်ထပ်လာမပတ်သက်ပါနဲ့၊ ကျွန်မဘဝမှာ အမုန်း ဆုံးက မေတ္တာတရားကို လိမ်ညာယူတာပဲ၊ အဲဒါ ရှင်ဟာ ကျွန်မရဲ့အမုန်း ဆုံးလူ ဖြစ်သွားပြီ”

ရည်ရွယ်က ဘုန်းမြတ်အနီးနားကနေ ပြေးထွက်သွားပါသည်။ ကံတရားကတော့ ဘုန်းမြတ်ကို တစ်ဘဝစာ အမုန်းတွေ ပေးခဲ့လေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဘက်လိုက်မှုရှိတဲ့
ကံတရားကြောင့်
ကျွန်တော်လေး
အလွမ်းတွေ
တနင့်တပိုး စားသုံးလိုက်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ချောင်းသာကမ်းခြေမှ ဖြစ်ခဲ့သည့်ကိစ္စအတွက် ရည်ရွယ်ကျောင်းသာတက်နေရပေမယ့် ခံစားနာကျည်းမှုက မေ့ပျောက်လို့ လုံးဝမရနိုင်သေးပါ။ သူမ၏ ဒိုင်ယာရီစာအုပ်ကို မသိအောင်ခိုးဖတ် ကင်မရာနှင့်ခာတ်ပုံရိုက်ပြီး စာရွက်ထုတ် အသေးစိတ်တစ်ချက်ချင်းစီ အကွက်ချစီစဉ်ပြီး သူမ၏မေတ္တာကို လိမ်ညာယူသွားသော ဘုန်းမြတ်အား လွယ်လွယ်နှင့်တော့ ခွင့်လွှတ်လို့ရမည် မဟုတ်လို့။

သည်ကြားထဲ ဘုန်းမြတ်က တစ်နေ့ကို တယ်လီဖုန်း ဆယ်ခါဆယ့်ငါးခါလောက်ဆက်လို့ ဖုန်းပိတ်ရတာလည်း ခဏခဏပါပဲ။ သည်နေ့လည်း ကျောင်းကိုသာ လာရသည်။ သူငယ်ချင်းမသုံးဦးက ဘယ်ရောက်နေမှန်းမသိ။ ကျောင်းလာတက်တာလည်း မတွေ့ရ။ အတန်းချိန်နှစ်ချိန်တက်ပြီး စာဆက်သင်ချင်စိတ်မရှိသဖြင့် စာသင်ခန်းကို ဖြတ်သန်းသွားသည့် လမ်းနားက အုတ်ခုံဘောင်လေးမှာ တစ်ယောက်တည်းထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေးချင်ရာတွေးနေမိသည်။

"ရည်ရွှယ် . . . ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ"

ရည်ရွှယ့်အနီးနားသို့ ဘုန်းမြတ်ရောက်လာသဖြင့် ရည်ရွှယ့် ဒေါသတွေက အထွတ်အထိပ်ရောက်သွားပါသည်။

"ရှင် ဘယ်ကနေ ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ၊ ရှင် ထွက်သွားရင် ကောင်းလိမ့်မယ်"

ရည်ရွှယ့်လေသံက အတော့်ကို မာနေပါသည်။

"ကျွန်တော် မထွက်သွားနိုင်ဘူး ရည်ရွှယ်၊ ရည်ရွှယ်ရှိတဲ့ကျောင်းကို ရောက်လာတာက ရည်ရွှယ့်ကို ပြောစရာစကားတွေ ရှိလို့ပါ"

"ရှင် သိပ်ပြောချင်နေလား၊ ဒါဆို ငါးမိနစ်အချိန်ပေးမယ်၊ အဲဒီ အချိန်အတွင်း ရှင်ပြောစရာရှိတာပြော"

ရည်ရွှယ်က ဘုန်းမြတ်ကို မကြည့်ဘဲ မျက်နှာကို အခြားတစ် ဘက်သို့ လွှဲလိုက်သည်။

"ကျွန်တော် ရည်ရွှယ့်ကို တကယ်ချစ်ခဲ့တာပါ၊ ရည်ရွှယ်ရဲ့ ဒိုင်ယာရီစာအုပ်ကို ခိုးမဖတ်ခင် ရည်ရွှယ်ဒရင်းဘတ်မှာ အိပ်နေတာကို မြင်ကတည်းက ကျွန်တော် ချစ်မိသွားတာပါ၊ အဲဒီချစ်မိတဲ့စိတ်ကြောင့် ကျွန်တော်လိမ်ညာသလို ဖြစ်သွားခဲ့တယ်၊ အဲဒီလို လိမ်ညာမိခဲ့ရင်လည်း အဲဒီလိမ်ညာမှုဟာ ရည်ရွှယ့်ကို ချစ်လို့ဖြစ်သွားတာပဲဆိုတာ နားလည် ပေးပါ"

ရည်ရွှယ်က လက်မှာပတ်ထားသည့် နာရီကို ကြည့်လိုက်သည်။

"ကျွန်မ နားလည်ပေးတာ ငါးမိနစ်ပြည့်သွားပြီ၊ ရှင်ပြန်တော့၊ ရှင့်ရဲ့စကားလုံးတွေနဲ့ ကျွန်မကိုလာပြီး ရှင့်ဘက်ပါအောင် လှည့်စားဆွဲ ဆောင်ဖို့ကို နောက်ထပ်မကြိုးစားပါနဲ့၊ ကျွန်မနှလုံးသားက ရှင့်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ပါမှာမဟုတ်ဘူးဆိုတာ ရှင်ယုံလိုက်"

"ကျွန်တော် ယုံတယ်၊ ရည်ရွှယ်နဲ့ ကျွန်တော်တွေ့ဆုံဖို့ ကံတရား က ဖန်တီးပေးတယ်၊ အဲဒီကံက အကောင်းကော အဆိုးကော ဒါပေမယ့် ကျွန်တော်စကားတစ်ခွန်းတော့ ပြောမယ်၊ ကံကို ကျွန်တော်ယုံတဲ့အတွက် ရည်ရွှယ် ကျွန်တော့်ကို ဘယ်လောက်ပဲမုန်းမုန်း တစ်နေ့ကျွန်တော်တို့နှစ် ယောက် ပေါင်းကိုပေါင်းဖက်ရမယ်၊ ရည်ရွှယ့်ကို ကျွန်တော်ထပ်လာတွေ့ ပါဦးမယ်၊ အခုချိန်မှာတော့ ဘက်လိုက်တတ်တဲ့ ကံတရားကြောင့် ရည်ရွှယ် ပေးခဲ့တဲ့ အလွမ်းတွေကို ကျွန်တော်တနင့်တပိုး စားသုံးရဦးမှာပေါ့လေ၊ ကျွန်တော် သွားပြီ"

ဘုန်းမြတ်က ရည်ရွှယ့်နားကနေ ထွက်သွားပါသည်။ ရည်ရွှယ် က သည်နေ့ပြဿဒါးနေ့ဖြစ်လို့ သည်လိုအဖြစ်မျိုး ကြုံတွေ့လေသလား ဆိုပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အုတ်ခုံကို ထုနေမိသည်။ ကံကြမ္မာရယ် ရည်ရွှယ့်ကို ဘယ်လောက်တောင် ကျီစယ်ဦးမှာလဲကွယ်။

❑

ရန်ကင်းစင်တာမှာ တစ်ပတ်အတွက် ဝယ်စရာရှိတာတွေကို ဝယ်ပြီး ရည်ရွှယ် ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားမိသည်။ ရုပ်ရှင် မကြည့်ရတာလည်း ကြာသဖြင့် နေပြည်တော်ရုံတွင် ပြသနေသော မြန်မာ ရုပ်ရှင် ဟာသဇာတ်ကားကို ကြည့်ပြီးမှပဲ အိမ်ကိုပြန်တော့မည်လို့ . . . ဗွီဒီယိုအခွေထွက်မှ ကြည့်မည်ဆိုလျှင် အတော့်ကို စောင့်ရဦးမှာမို့ အချိန် ရတုန်းလေး ကြည့်လိုက်ဦးမည်ဆိုပြီး နေပြည်တော် ရုပ်ရှင်ရုံရှေ့မှာ ကား ကိုရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရည်ရွှယ် . . . ရည်ရွှယ်"

မထင်မှတ်ဘဲ ခေါ်သံကြားသဖြင့် ကားပေါ်က အဆင်းမှာ ကြည့်လိုက်သည့်အခါ ဘုန်းမြတ်ဖြစ်နေသဖြင့် စိတ်ထဲထောင်းခနဲ ဖြစ်သွားပါသည်။

"ရှင် ဘာလုပ်မလို့လဲ၊ ဘယ်လိုလုပ် ဒီနေရာကို ရောက်လာတာလဲ၊ ဘာတွေလာပြီး ကျွန်မကို လှည့်စားဦးမလို့လဲ"

"ကျွန်တော် ဘာကိုမှ လှည့်ဖျားဖို့ မဟုတ်ပါဘူး . . . ရည်ရွှယ်၊ ကျွန်တော်လေ . . ရည်ရွှယ်စိတ်မပြေမချင်း ရှင်းပြချင်လို့ပါ၊ ရည်ရွှယ့်ကို လှည့်စားပြီး မေတ္တာကို လိမ်ညာယူချင်လို့လည်း မဟုတ်ပါဘူး၊ ဒါကြောင့် ရန်ကင်းစင်တာမှာ ရည်ရွှယ်ရဲ့ကား ထွက်သွားတာတွေ့လို့ ကျွန်တော် နောက်ကနေ မောင်းလာခဲ့တာ"

"ဩော် . . . ရှင်က ကျွန်မသွားတာ၊ လာတာကို အသေးစိတ် စုံစမ်းနေတာပဲ၊ ရှင်နဲ့ ကျွန်မရဲ့ဇာတ်လမ်းက ပြီးပြီလေ၊ ကံတရားက ရှေ့ဆက်လို့ မရတော့ဘူးလေ၊ ကဲ . . . ရှင်သွားပါ၊ ကျွန်မ ရုပ်ရှင်ကြည့်မလို့"

ရည်ရွှယ်က ရုပ်ရှင်ရှေ့သို့ သွားဖို့ဟန်ပြင်လိုက်စဉ်မှာပင် ဘုန်းမြတ်က . . .

"နေပါဦး ရည်ရွှယ်ရယ်၊ ပြောပါရစေဦး၊ ရည်ရွှယ် အခုချိန်မှာ ကျွန်တော့်ကို မုန်းတာ သဘာဝကျပါတယ်၊ ဒါပေမယ့် ကျွန်တော် ကံကို ယုံတယ်၊ အဲဒါကြောင့် တစ်နေ့ရည်ရွှယ်နဲ့ကျွန်တော် လက်ထပ်ခြင်းကို ဖြစ်ရမယ်"

ဘုန်းမြတ် စကားကြောင့် ရည်ရွှယ်က . . .

"ဩော် . . . ရှင်က ကံကိုအခုထိ ယုံတုန်းပေါ့ . . . ဟုတ်လား၊ ဒီလိုဆို ရှင်နဲ့ကျွန်မ ကံတရားနဲ့ပတ်သက်ပြီး ကစားပွဲတစ်ပွဲ ကစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"ဘယ်လိုကစားပွဲမျိုးလဲ ရည်ရွယ်ရယ်၊ ဘာတွေလဲဗျာ"

ရည်ရွယ်က ဘုန်းမြတ်ကို ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။

"ရှင့်မှာ ငွေငါးရာတန်ပါတယ် မဟုတ်လား"

"ငွေငါးရာတန် ဘာလုပ်မလို့လဲ"

"ဘာမှမပြောနဲ့ အဲဒီပိုက်ဆံကိုပေး"

ဘုန်းမြတ်လည်း ရည်ရွယ် ဘာလုပ်မှန်းမသိသောကြောင့် ငွေငါးရာတန်တစ်ရွက်ကို ထုတ်လိုက်သည်။

"ရှင် ဘောပင်ကော ပါတယ် မဟုတ်လား"

"ပါတယ်လေ၊ ဒီမှာ"

ဘုန်းမြတ်က အင်္ကျီအိတ်ထဲမှာ ထိုးထားသော ဘောပင်ကို ပြလိုက်သည်။

"အဲဒီဘောပင်နဲ့ ဒီငွေငါးရာတန်မှာ ရှင့်ရဲ့နာမည်နဲ့ လက်မှတ်ကိုထိုး"

"ဘာလုပ်မလို့လဲ"

"ရှင် ကျွန်မပြောသလိုသာ လုပ်စမ်းပါ"

ဘုန်းမြတ်လည်း ရည်ရွယ် ဘာရည်ရွယ်ချက်နဲ့ လုပ်ခိုင်းမှန်းမသိဖြင့် ငွေငါးရာတန်ပေါ်မှာ ရည်ရွယ်ပြောသည့်အတိုင်း ရေးချပြီး လက်မှတ်ထိုးလိုက်သည်။ ပြီးတော့ ရည်ရွယ့်ကို ပေးလိုက်သည်။ ရည်ရွယ်က ဘုန်းမြတ်ပေးသော ပိုက်ဆံငွေငါးရာတန်ကို ယူလိုက်ပြီး ကြည့်ရင်းက . . .

"ဒီငွေငါးရာနဲ့ စာအုပ်ဆိုင်မှာ စာအုပ်တစ်အုပ်ဝယ်မယ်၊ ကားကိုထားခဲ့ပြီး ကျွန်မနဲ့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရည်ရွှယ်ရယ် ဘာသဘောနဲ့ ဒီလိုတွေလုပ်နေတာလဲ၊ ကျွန်တော်တော့ နားကိုမလည်တော့ဘူး"

ဘုန်းမြတ်က ရှေ့ကနေ ခပ်သုတ်သုတ်လျှောက်နေသည့် ရည်ရွှယ့်နောက်ကနေလိုက်ရင်း ရည်ရွှယ် ဘာရည်ရွှယ်ချက်နှင့် စာအုပ်ဆိုင်သို့သွားနေမှန်း မစဉ်းစားတတ်အောင် ဖြစ်နေသည်။

"ဒီစာအုပ်ဆိုင်မှာ ရှင့်နာမည်နဲ့ လက်မှတ်ထိုးထားတဲ့ ပိုက်ဆံနဲ့ငါးရာတန်စာအုပ်တစ်အုပ် ဝယ်လိုက်"

ပန်းဆိုးတန်းလမ်းသို့ ရောက်သောအခါ ရည်ရွှယ်က အမေ့အိမ်စာအုပ်ဆိုင်ရှေ့တွင် ဆိုင်ထဲသို့ လက်ညှိုးညွှန်ပြရင်း ဘုန်းမြတ်အား ပြောလိုက်သည်။

"ဘာလို့စာအုပ်ဝယ်ချင်ရတာလဲ"

"ဝယ်မှာသာ ဝယ်လိုက်ပါ"

ဘုန်းမြတ်လည်း စာအုပ်ဆိုင်ထဲဝင်ပြီး ငွေငါးရာတန်စာအုပ်ဘယ်စာအုပ်ရှိမလဲ လိုက်ရှာရင်း နောက်ဆုံး . . ."

"အသုံးများသော အင်္ဂလိပ်စကားပုံများ" စာအုပ်ကို တွေ့သဖြင့်ဝယ်လိုက်သည်။

"ဒီမှာ စာအုပ်ရပြီ"

"ဒါဆို ရှင့်ရဲ့ဘောပင်ပေး"

စာအုပ်ဝယ်ပြီး ဆိုင်ရှေ့ပြန်ထွက်လာသော ဘုန်းမြတ်က ဝယ်လာသည့် စာအုပ်ကို ရည်ရွှယ့်အား ပေးသောအခါ ရည်ရွှယ်က ဘောပင်လာတောင်းသဖြင့် ဘုန်းမြတ်က ဘောပင်ပေးလိုက်သည်။

"ဒီစာအုပ်မှာ ကျွန်မရဲ့နာမည်နဲ့ လက်မှတ်ကို ကျွန်မထိုးမယ်"

ရည်ရွှယ်က စာအုပ်အဖွင့်စာမျက်နှာမှာ သူမနာမည်နှင့် လက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကို ထိုးလိုက်သည်။ ပြီးတော့ ဘုန်းမြတ်အား ပေးလိုက်သည်။

ဘုန်းမြတ်က ရည်ရွှယ့်လက်မှတ်ထိုးထားသော စာအုပ်ကို ကြည့်လိုက်ပြီး . . .

"ရည်ရွှယ် . . . ဘာတွေလုပ်နေတာလဲ၊ ကျွန်တော်တော့ နားမလည်တော့ဘူး"

"ရှင်က ကံကိုယုံတယ် မဟုတ်လား၊ ဒီတော့ အခုဝယ်လာတဲ့ စာအုပ်ကို လမ်းဘေးစာအုပ်အဟောင်းဆိုင် တစ်ဆိုင်ဆိုင်မှာ ရတဲ့ဈေးနဲ့ ရောင်းလိုက်ပြီးမှ ကျွန်မဆက်ရှင်းပြမယ်"

ဘုန်းမြတ်လည်း ရည်ရွှယ့်စကားကို ဘာမှငြင်းဆိုခြင်းမပြုတော့ဘဲ ရည်ရွှယ်နှင့်အတူ စာပေဗိမာန်ရှေ့ စာအုပ်အဟောင်းရောင်းသည့် ဆိုင်များဘက်သို့ လျှောက်လာခဲ့သည်။

"အစ်ကို ဒီစာအုပ် ဘယ်လောက်ရမလဲ"

ဘုန်းမြတ် အမေးစကားကြောင့် စာအုပ်အဟောင်းရောင်းသူက ဘုန်းမြတ်ဝတ်ထားစားထားတာကို ကြည့်လိုက်ပြီး . . .

"တစ်ရာရမယ်"

"ရတယ် အစ်ကိုရာ"

စာအုပ်အဟောင်းရောင်းသူက ဘုန်းမြတ်ဆီက စာအုပ်ကိုယူပြီး ငွေတစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်ပြီး ရည်ရွှယ်နှင့် ဘုန်းမြတ်ကို အကဲခတ်ကြည့်လို့နေသည်။ သည်လောက် ရုပ်ရည်သန့်ပြန့်သူနှစ်ယောက်က ဘာသဘောနှင့် စာအုပ်လာရောင်းသလဲလို့ တွေးကောင်းတွေးနေပါလိမ့်မည်။

"ပြောပါဦး ရည်ရွှယ်၊ ဘာသဘောနဲ့ ဒီလိုလျှောက်လုပ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်အဟောင်းဆိုင်ကနေ နေပြည်တော်ရုပ်ရှင်ရုံရှေ့သို့ အပြန်မှာ ဘုန်းမြတ်က မေးသည့်အခါ . . .

"ရှင်က ကံကိုယုံတယ်ဆို၊ ကျွန်မလည်း ကံကိုယုံတယ်၊ ဒီတော့ ရှင်နဲ့ ကျွန်မတို့နှစ်ယောက်ကံကြောင့် ပေါင်းရမယ်ဆို၊ စာအုပ်ကို ဝယ်လိုက်တဲ့ ရှင့်နာမည်နဲ့ လက်မှတ်ထိုးထားတဲ့ ပိုက်ဆံငါးရာတန်ဟာ ကျွန်မဆီရောက်လာတဲ့တစ်နေ့၊ စာအုပ်အဟောင်းဆိုင်မှာ-ရှင်ရောင်းလိုက်တဲ့ စာအုပ်ဟာ ရှင့်ဆီရောက်လာတဲ့တစ်နေ့ လက်ဆုပ်လက်ကိုင်ပြနိုင်ရင် ကျွန်မတို့နှစ်ယောက် ကံကိုအကြွင်းမဲ့ယုံပြီး ပေါင်းဖက်ရပြီလို့ မှတ်လိုက်တော့၊ ဒါပေမယ့် တစ်ခုရှိတယ်နော်၊ ရှင့်ဘက်က ရိုးသားဖို့တော့ လိုတယ်၊ စောစောက စာအုပ်အဟောင်းဆိုင်က စာအုပ်ကို ပြန်ဝယ်ပြီး လိမ်ညာပြလို့ မရဘူး၊ ရှင်က ယုံရတာ မဟုတ်ဘူး၊ ကျွန်မကိုတောင် လှည့်စားခဲ့သေးတာ"

"ရည်ရွယ် ကျွန်တော့်ကို စကားလုံးတွေနဲ့ ထပ်မနှိပ်စက်ပါနဲ့ ကျွန်တော် ကံကိုယုံတယ်၊ ဒီမှာ ရည်ရွယ် . . တစ်နေ့ ရည်ရွယ်နဲ့ကျွန်တော် ပေါင်းစည်းရမယ်၊ အခုတော့ ကျွန်တော့်လုပ်ရပ်တွေကြောင့် အလွမ်းတွေကို တနင့်တပိုး ခံစားလိုက်ဦးမယ်"

ဘုန်းမြတ်က ရည်ရွယ့်ကိုထားခဲ့ပြီး အနီးနားကနေ ထွက်ခွာသွားသည်။ ရည်ရွယ် ဘာကြောင့်များ ဘုန်းမြတ်တစ်ယောက် သူမကြည့်နေရာကနေ ပျောက်ကွယ်သွားသည်အထိ ကြည့်မိနေတာ ဘာကြောင့်များလဲ မစဉ်းစားတတ်တော့ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အလှမ်းတွေကို
စားသုံးရလွန်းလို့
ရာသီတွေပြောင်းတာတောင်
မေ့လျော့နေခဲ့ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သုံးနှစ်တာကာလဆိုသည်မှာ ဘုန်းမြတ်အဖို့ ဘာမှမကြာလိုက်သလိုပင်။ ဖခင်ဖြစ်သူ နိုင်ငံခြားမှာ စီးပွားရေးဒီပလိုမာ သင်တန်းတက်ခိုင်းသဖြင့် နှစ်နှစ်ခွဲခန့် မညာဆည်းပူးခဲ့ရသည်။ နိုင်ငံခြားက ပြန်ရောက်ပြန်တော့လည်း ဖခင်ဖြစ်သူ၏ လုပ်ငန်းတွေမှာ တာဝန်ယူရနှင့် သူငယ်ချင်းတွေနှင့်တောင် သိပ်မတွေ့ဖြစ်။

ဖခင်ဖြစ်သူကတော့ အကျေနပ်ကြီး ကျေနပ်လို့မဆုံး။ ယခင်လိုဆေးလိပ်သောက်၊ ဘီယာသောက် ပျော်ပျော်ပါးပါးနေသူက ဘဝကိုတည်တည်ငြိမ်ငြိမ်နှင့် ဖြတ်သန်းပြီး အလုပ်ထဲမှာ စိတ်ကိုနှစ်ထားသဖြင့် လုပ်ငန်းကိစ္စအဝဝတွေကို အားလုံးလွှဲထားနိုင်သောကြောင့် ထိုပီတိကို ဘာနှင့်မှမလဲနိုင် ဖြစ်နေသည်။

"သား . . . သားကို ဒယ်ဒီက မေးစရာရှိတယ်၊ မေးစရာထက် သားရဲ့ရှေ့ရေးအတွက်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြတ်တစ်ယောက် တနင်္ဂနွေနေ့မှ သူငယ်ချင်းတွေဆီ သွားမလား စဉ်းစားနေစဉ်မှာ ဖခင်ဖြစ်သူက ရောက်လာပြီးပြောလိုက်သဖြင့်-

"ဘယ်လိုရှေ့ရေးလဲ ဒယ်ဒီရဲ့"

"သားရဲ့ဘဝအဖော်ပေါ့၊ ဒယ်ဒီက သားကို စိတ်ချသွားပြီ၊ သားအနေနဲ့ ဘဝမှာ တစ်ခုပဲလိုတယ်၊ သားကို ကူညီပါရမီဖြည့်ဆည်းပေးမယ့် အိမ်ရှင်မပေါ့ကွာ၊ ဒီတော့ သားမှာ ချစ်သူရည်းစားမရှိတဲ့အတွက် ဒယ်ဒီ ဒယ်ဒီ့ရဲ့ မိတ်ဆွေကိုကျော်ခေါင်ရဲ့သမီးနဲ့ နေရာချပေးချင်တယ်၊ ဟိုဘက်က ငွေကြေးဥစ္စာ ဘာမှပြောစရာမရှိဘူး၊ ကောင်မလေးကလည်း သားနဲ့ မတိမ်းမယိမ်းဘဲ၊ အင်ဂျင်နီယာမလေး ဘယ်လိုသဘောရလဲ"

ဘုန်းမြတ်က ဖခင်ဖြစ်သူစကားကို ဂရုတစိုက် နားထောင်နေပြီးနောက် . . .

'ဒယ်ဒီ . . . ဒယ်ဒီရဲ့ ဖခင်တစ်ဦးက သားအပေါ် ကောင်းစေချင်တဲ့ဆန္ဒကို သား ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒယ်ဒီရယ် သား ဒီလိုဘဝရောက်အောင် တည်တည်ငြိမ်ငြိမ်ဖြစ်အောင် လှုပ်ပေးခဲ့တာက သားက သူ့မေတ္တာကို မရိုးမသားတဲ့ အပြုအမူနဲ့ရယူပြီး အဖြစ်မှန်သိသွားလို့ သားအပေါ် အမုန်းကြီးမုန်းနေတဲ့ ချစ်သူကြောင့်ပါ၊ သား သူ့ကို မေ့လို့မရဘူး၊ သူလည်း သားလိုပဲ ဖြစ်မှာပါ၊ သူနဲ့ သားနဲ့ ကံကိုယုံပြီး ကစားပွဲတစ်ပွဲလုပ်ထားတာရှိတယ်၊ အဲဒီကံဟာ သူနဲ့သားနဲ့ ထပ်တူညီခဲ့ရင် ပေါင်းစည်းကြရမှာ၊ ဒါကြောင့် သားကို နားလည်ပေးပါ"

"ဒယ်ဒီ နားလည်ပေးပါတယ်၊ သားကို ဒီလိုအခြေအနေမျိုး ရောက်အောင် ပြုပြင်ပြောင်းလဲပေးခဲ့တဲ့ သားမြတ်နိုးသူဟာ ငွေရဲ့ တန်ဖိုး စိတ်ဓာတ်မျိုးရှိသူမဟုတ်မှာ သေချာတယ်၊ ဒယ်ဒီက အဲဒီလို ချွေးမမျိုးကို သမီးအဖြစ် တော်ချင်တာ၊ ဒါပေါ့ သားရယ် လူမှာ မမြင်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကံတရားပဲ၊ ကံကြောင့် သားနဲ့သားချစ်သူတို့ ပေါင်းစည်း ရပါစေကွယ်"

ဖခင်ဖြစ်သူ ဦးကောင်းမြတ်က ဘုန်းမြတ်ခေါင်းကို လက်နှင့် ညင်သာစွာပုတ်ပြီး ထွက်သွားပါသည်။ ဘုန်းမြတ်ကတော့ ထိုင်ရာမှ မထနိုင်သေးဘဲ သုံးနှစ်တာကာလအတွင်းမှာ သူမြတ်နိုးခဲ့ရသည့် ရည်ရွယ် တစ်ယောက် ဘာတွေဖြစ်နေသလဲဆိုတာ တွေးနေရင်း သူ့မျက်ဝန်းထဲမှာ လွန်ခဲ့သောသုံးနှစ်က ချောင်းသာကမ်းခြေမြင်ကွင်းတွေကို ပြန်လည်မြင် ယောင်နေမိတာ မနေ့တစ်နေ့ကလိုပင် ထင်နေသေးသည်။

❑

ကန်တော်ကြီး ရေပြင်သည် လွန်ခဲ့သော သုံးနှစ်တာကာလက လိုပင် ဘာမှမပြောင်းလဲ။ ရေအရောင်က စိမ်းပုတ်ပုတ်နှင့်။ ပြောင်းလဲ တာကတော့ ဆိုင်ထဲမှ ဖွင့်ထားသော သီချင်းတွေပင် ဖြစ်သည်။ သုံးနှစ် တာကာလအတွင်းမှာ လူငယ်တွေ၏ ဝတ်စားဆင်ယင်မှုတွေ ပြောင်းလဲ သွားသည်။

ဟုတ်တာပေါ့လေ။ ရည်ရွယ်အောင် သုံးနှစ်တာကာလအတွင်း မှာ အတွေးအခေါ် ရင့်ကျက်မှုတွေက တူတော့တာမှ မဟုတ်တာ။ လွန်ခဲ့ သော သုံးနှစ်တာကာလဆီက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ယခုထိ မမေ့နိုင်သေးပါ။

အလှည့်စားခံခဲ့ရသည့် လိမ်ညာခံခဲ့ရသည့် အဖြစ်အပျက်ကို မေ့ထားပြီး မိဘနှစ်ပါး၏ကုမ္ပဏီမှာ စျေးကွက်မန်နေဂျာအဖြစ် တာဝန် ထမ်းဆောင်ခဲ့တာ လုပ်ငန်းတွေက တိုးတက်လာသည်။ သူငယ်ချင်းမတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတောင် ရည်ရွယ်၏ပြောင်းလဲမှုကို အံ့အားသင့်နေကြသည်။

ထို့အပြင် သူမ သိပ်သိချင်နေတာ ရှိပါသေးသည်။ ဘုန်းမြတ်နှင့်သူမ ကံကြမ္မာကစားပွဲလုပ်ခဲ့သော ပိုက်ဆံငါးရာတန်လေးက ဘယ်ဆီရောက်လေသလဲလို့။

"ရည်ရွယ် ဘာတွေတွေးနေတာလဲ၊ ဘာမှလဲ မစားသေးပါလား၊ မှာထားတာတွေ အေးကုန်ဦးမယ်"

ဘေးနားကနေ ကိုထွန်းမင်းလတ် သတိပေးမှ ရည်ရွယ်က ပြန်လည်အသက်ဝင်လာသည်။ သည်နေ့ ကိုထွန်းမင်းလတ်က နေ့လည်စာလိုက်ကျွေးမည်ဆိုသဖြင့် မျှော်စင်ကျွန်းထဲက စားသောက်ဆိုင်ကို ရောက်လာခြင်း ဖြစ်သည်။

ကိုထွန်းမင်းလတ် မိဘတွေနှင့် ရည်ရွယ့်မိဘတွေက စီးပွားရေးလုပ်ဖော်ကိုင်ဖက်တွေဖြစ်ပြီး လူကြီးချင်းက ရည်ရွယ်နှင့်သူ့ကို ထိမ်းမြားပေးဖို့ ဆန္ဒရှိသည်။ ကိုထွန်းမင်းလတ်အဖို့ ရည်ရွယ့်မှာ ငြင်းပယ်စရာအချက်မရှိ။ သို့သော် ရည်ရွယ့်မှာက ထိုသို့တွေးတိုင်း ဘုန်းမြတ်ရုပ်ပုံလွှာက ပေါ်ပေါ်လာသည်။

သည်နေ့လည်း ကိုထွန်းမင်းလတ်က နေ့လယ်စာစားပြီးလျှင် လက်ဆောင်ပေးမည်တဲ့။ ဘာလက်ဆောင်ပေးမလဲ။ ဘာရည်ရွယ်ချက်လဲ ဆိုတာတော့ မပြောတတ်။

"ရည်ရွယ် ကိုယ်က ရည်ရွယ့်ကို ဒီနေ့လက်ဆောင်ပေးမယ်လို့ ပြောတယ်နော်၊ ရည်ရွယ် ဒီလက်ဆောင်ကိုမြင်ရင် မငြင်းရဘူးနော်"

ကိုထွန်းမင်းလတ်က ဗူးအနီသေးသေးလေးကို အင်္ကျီအိတ်ကပ်ထဲမှ ထုတ်လိုက်ပြီး ဖွင့်လိုက်သည်။

ဘာလဲလို့ ရည်ရွယ်ကြည့်လိုက်တော့ စိန်လက်စွပ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်က သေးသေးလေးပေမယ့် ခေတ်ဆန်လို့နေသည်။

"ဒီလက်စွပ်လေးကို ဝတ်လိုက်ပါ ရည်ရွယ်၊ ဒါဟာ ကိုယ်နဲ့ ရည်ရွယ်ရဲ့ နှစ်ယောက်အကြိုစေ့စပ်လက်စွပ်ပေးတယ်လို့ပဲ သဘောထားပါ၊ ပေး . . . ရည်ရွယ့်လက်ကို"

ကိုထွန်းမင်းလတ်က ရည်ရွယ်၏ ညာဘက်လက်ကိုယူပြီး လက်သူကြွယ်မှာ ဝတ်ပေးပါသည်။

"ကိုယ်တော့ ကျေနပ်သွားပြီ"

ကိုထွန်းမင်းလတ်က ရည်ရွယ့်လက်မှာ ဝတ်ထားသော စိန်လက်စွပ်ကိုကြည့်ရင်း ကျေနပ်လို့နေသည်။

"ဟာ . . . ထွန်းမင်းလတ်"

"ဟော့ . . . ကိုကိုမြင့်၊ ဘယ်ကနေ ဘယ်လို ဒီရောက်လာတာလဲ၊ သူငယ်ချင်းရဲ့ သတင်းတွေကတော့ မွှေးနေတာပဲ၊ အံ့လည်းအံ့အားသင့်နေကြတယ်"

ကိုထွန်းမင်းလတ်နှင့် အတော်ရင်းနှီးပုံရသည့် ကိုကိုမြင့်ဆိုသူက ရည်ရွယ်တို့ရှိနေသော စားပွဲဝိုင်းရှိရာသို့လာပြီး ကိုထွန်းမင်းလတ်ကို လက်ဆွဲနှုတ်ဆက် ဟိုကလည်း ပခုံးကိုပြန်ကိုင်နှင့် အတော်ရင်းနှီးပုံရပါသည်။

"ကိုကိုမြင့်ရေ ဒါက ငါ့မိတ်ဆွေပဲ၊ ရည်ရွယ်တဲ့"

"ဟုတ်ကဲ့၊ ကျွန်တော် ကိုကိုမြင့်ပါ"

ကိုထွန်းမင်းလတ် မိတ်ဆက်ပေးသဖြင့် ရည်ရွယ်က အလိုက်သင့် ပြန်ပြုံးပြလိုက်သည်။

"ရည်ရွယ် . . . သူက သိပ်အံ့သြဖို့ကောင်းတာ၊ ဆောက်လုပ်ရေးလုပ်ငန်းလုပ်တာ သိန်းထောင်ချီရှုံးပြီး ဘဝတွေဘာတွေ ပျက်မလိုဖြစ်သွားတာ၊ အဲဒီကနေ လုပ်ငန်းက ပြန်တည့်မတ်သွားတာ သူ့ကို အခုချိန်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ လိုက်မမီတော့ဘူး”

ကိုထွန်းမင်းလတ် စကားအဆုံး ကိုကိုမြင့်က . . .

“ဟုတ်တယ် မရည်ရွယ်၊ ကံတရားက သိပ်ကြောက်ဖို့ ကောင်းတယ်၊ အခြေအနေကြောင့် ကံဆိုးပြီလို့ ထင်ခဲ့တာက ကံကြောင့်ပဲလား မသိ၊ လုပ်ငန်းက ပြန်တည့်မတ်သွားပြီး ဆုံးရှုံးတာတွေ ပြန်ရရှိရုံမက အခုတော့ လုပ်ငန်းတွေ တော်တော်များများက ကိုယ့်လက်ထဲမှာချည်းပဲ၊ ကံတရားကိုတော့ ကျွန်တော်လည်း နားမလည်တော့ဘူး”

ကိုကိုမြင့်စကားကို နားထောင်နေသော ရည်ရွယ်တစ်ယောက် လွန်ခဲ့သော သုံးနှစ်ခန့်က ဗေဒင်ဆရာမပြောခဲ့သော စကားလုံးများနှင့် ဘုန်းမြတ်နှင့် တွေ့ဆုံခဲ့သော မြင်ကွင်းများ စကားသံများကို ပြန်ကြားယောင်ပြန်မြင်နေမိသည်။

ဘုန်းမြတ်က ကင်မရာကိုင်ထွက်ပြေးရင်း ဒရင်းဘတ်မှာ အိပ်ပျော်နေသော သူမကို တွေ့မြင်စွဲလမ်းသွားပြီး သူမဒိုင်ယာရီကို ခိုးဖတ်မိ အကွက်ဆင်ခဲ့တာ ကံကြမ္မာက ဖန်တီးပေးတာ အမှန်တရားတစ်ခုလား။ ရည်ရွယ် မထင်ထားပါ။ စားသောက်ဆိုင်ကနေအပြန် ကိုထွန်းမင်းလတ် လက်ဆောင်ပေးသော လက်စွပ်လေးကိုကြည့်ပြီး လက်စွပ်က သူမလက်သူကြွယ်မှာ ကြပ်မနေဘဲ ချောင်နေသဖြင့် မကျွတ်ကျအောင် သတိထားနေရပါသေးသည်။

ဒါကို ကိုထွန်းမင်းလတ်ကတော့ မသိပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အမုန်းတရားတို့
ဘယ်လောက်တောင်
ဟန်ဆောင်ထားနိုင်မှာလဲ။
ဘုရားသခင် ဖွက်ထားတဲ့
အချစ်ကို တူးဆွဖို့
သူမနဲ့ကျွန်ုပ်
အဆင်သင့်ဖြစ်ပြီ . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

တားရော့ဖဲချပ်များကို ပေဒင်ဆရာမက ဖြန့်ခင်းလိုက်သည်။ ရည်ရွှယ်က ဖြန့်ခင်းထားသော ဖဲချပ်များကိုသာ ကြည့်နေသည်။ သည် ပေဒင်ဟောခန်းကို လွန်ခဲ့သော သုံးနှစ်က ရောက်လာခဲ့ဖူးသည်။ ရေရှိသောနေရာမှာ ဖူးစာရှင်နှင့် တွေ့မည်ဟု ကြိုတင်နိမိတ်ဖတ်ခဲ့သည်။ ပေဒင်အဟောမှာ အလွမ်းနှင့်ဖြစ်ရသည်ဟု မပါ။

ယခုတော့ ကံကြမ္မာက သူမကို ဘယ်လိုထပ်မံပြဋ္ဌာန်းပေးဦးမည်လဲ သိချင်လာသဖြင့် သူငယ်ချင်းဝင်းပပကိုခေါ်ပြီး လာခဲ့ရသည်။ ကျန်သည့် သူငယ်ချင်းမနှစ်ဦးက သူ့အိမ်ထောင်နှင့်သူ ဖြစ်နေသဖြင့် ယခင်လို မအားလပ်တော့။ ဝင်းပပကတော့ ရည်ရွှယ့်လို အဖော်မပါ တစ်ကိုယ်တည်းဘဝနှင့်ပင် ရှိနေပါသေးသည်။

"မင်းဟာ ကံတရားက စေ့ဆော်လို့ ရေနဲ့နီးတဲ့ နေရာမှာ ဖူးစာရှင်ကို တွေ့ခဲ့ရတာ မဟုတ်လား၊ ဒါပေမယ့် ကံကြောင့်လွဲခဲ့တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ ဒီတော့ မင်း အခုဘာမေးချင်သလဲ၊ ဖဲချပ်နှစ်ချပ်ကို ကြိုက်တာယူ"

ရည်ရွယ်က မှောက်ထားသော ဖဲချပ်နှစ်ချပ်ကို ရွေးလိုက်သည်။

"ဟုတ်ပြီ၊ မင်း ဘာမေးချင်သလဲ"

"ကျွန်မ သူနဲ့ပြန်လည်ဆုံဆည်းရဦးမလား"

"ကဲ . . . ဖဲချပ်တစ်ချပ်ကို အရင်လှန်လိုက်"

ရည်ရွယ်က မှောက်ထားသော ဖဲချပ်နှစ်ချပ်ထဲမှ တစ်ချပ်ကို လှန်လိုက်သည့်အခါ Death မရဏကားချပ် ဖြစ်နေပါသည်။

"နောက်တစ်ချပ်ကို ထပ်လှန်"

ရည်ရွယ်က နောက်ထပ်ဖဲချပ်ကို လှန်လိုက်သည့်အခါ Lovers ဖြစ်နေပါသည်။

"မင်းဟာ ကံတရားကြောင့် အချစ်ကိုတွေ့ခဲ့ရတယ်၊ ဒါပေမယ့် မင်းရဲ့အချစ်က မရဏဆိုတဲ့ သေခြင်းအရ မင်းတို့ဝေးခဲ့ကြတယ်၊ ဒါပေမယ့် နောက်ဖဲတစ်ချပ်က ချစ်သူများလို့ အဓိပ္ပာယ်ရတော့ ကံတရားက ထူးထူးခြားခြား မင်းနဲ့သူ့ကို ဖန်တီးပေးလိမ့်မယ်၊ မင်းနဲ့သူ ပြန်ဆုံစည်းရမယ်၊ ဒါပဲ"

ကံတရားက ယခုထိ သူမကို ကျီစားနေတုန်းပါပဲလားလို့၊ ရည်ရွယ်ကသာ ကံကိုစိတ်ဝင်စားလို့ ယခုလို ဗေဒင်ပြန်လာမေးသည့် အချိန်မှာ ကျန်တစ်ယောက်ကကော။

သူမကို သတိမှရသေးရဲ့လား။ အိပ်ထောင်တွေဘာတွေကျလေပြီလား။ အို . . . မဖြစ်နိုင်တာ။ သူလည်း ကံကိုယုံသူတစ်ယောက်ပဲဆိုတာ . . . ။

ရည်ရွယ်က သတိထား၍ ဝတ်ဆင်နေရသည့် ကိုထွန်းမင်းလတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပေးသော လက်စွပ်ကို ချောင်နေသဖြင့် သွားရင်းလာရင်း ကျပျောက်မှာစိုးသဖြင့် ပိုက်ဆံအိတ်ထဲ ပြောင်းထည့်လိုက်သည်။ သည်လိုချောင်နေတာ ဘယ်လိုလုပ် ဝတ်ဖြစ်မှာလဲလို့။

ပေဒင်ဟောခန်းကအပြန် ကားမောင်းရင်း တစ်လမ်းလုံး စဉ်းစားလာသော ရည်ရွှယ့်ကို ဝင်းပပက ဘာမှမမေးဘဲ ကားနောက်ခန်းကနေ မျက်စိနှစ်လုံးမှိတ် မှေးစက်ရင်း လိုက်ပါလို့လာခဲ့ပါသည်။

❑

တင်မြင့်ဦး ခြေထောက်တော်တော်ညောင်းနေပါပြီ။ ဘုန်းမြတ်က ရန်ကုန်မြို့လယ်ရှိ စာအုပ်အဟောင်းဆိုင်တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ပြီး လွန်ခဲ့သော သုံးနှစ်က စာအုပ်ကို ပြန်ရှာနေလို့ ဖြစ်ပါသည်။ ဘုန်းမြတ် လုပ်နေကိုင်နေပုံက ကောက်ရိုးပုံထဲ အပ်ပျောက်ရှာနေသလိုဖြစ်သည်။ ဘုန်းမြက်ကတော့ မောမည့်ပန်းမည်ပုံမပေါ် တက်ကြွလို့နေသည်။

ဘုန်းမြတ်နှင့် ရည်ရွှယ်တို့လွဲခဲ့ရတာ သူ့ပယောဂကင်းမှကင်းပါ့မလားလို့။ ရည်ရွှယ့်ကို ဟိုတယ်ဘန်ဂလိုမှာထားခဲ့ပြီး သူက ဘုန်းမြတ်ကိုသွားရှာ။ ရည်ရွှယ်က အခန်းထဲ ဟိုကြည့်ဒီကြည့် လျှောက်ကြည့်ရင်း ပြဿနာတွေ တက်ကုန်။ သူသာသွားမရှာပေးဘဲ လှည့်ပတ်ပြောခဲ့လျှင် သည်လိုအလွှမ်းတွေမျိုး ဖြစ်မလားလို့။

တစ်ခုတော့ ကောင်းပါသည်။ ဘုန်းမြတ်တစ်ယောက် ရည်ရွှယ်ကြောင့် ဘဝမှာ အများကြီးပြောင်းလဲပြီး ရင့်ကျက်တည်ငြိမ်သော လူတစ်ဦးဖြစ်ခဲ့ရလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တင်မြင့်ဦးတစ်ယောက် ဘုန်းမြတ် သူ့ရှေ့ကနေ ခပ်သုတ်သုတ်သွားနေတာကြည့်ရင်း အကြံတစ်ခုရသွားပါသည်။

"ဘုန်းမြတ် . . . ဘုန်းမြတ် . . . ခဏနေဦး၊ ငါ အကြံရပြီ"

တင်မြင့်ဦး နောက်ကနေ လှမ်းပြောသဖြင့် ဘုန်းမြတ်က နောက်လှည့်ကြည့်ရင်း . . .

"ဘာအကြံလဲကွ"

"ဘာအကြံရမှာလဲ၊ မင်း ဒီအတိုင်းရှာနေလို့က ရမှာမဟုတ်ဘူး၊ ဒီလိုလုပ် ကံပေါ့ကွာ၊ မင်း အဲဒီစာအုပ်ကို ပြန်ရောင်းခဲ့တဲ့ဆိုင်မှာ ပြန်မေးကြည့်၊ သူ့ဆီမှာရှိချင်လည်း ရှိမယ်၊ ပြန်ရောင်းလိုက်လို့ သူ့ဆီသံသရာလည်ပြီး ပြန်ရောက်ချင်လည်း ရောက်နေမယ်၊ မင်းဆိုင်ကိုမှတ်မိတယ်မဟုတ်လား"

"မှတ်မိတယ် တင်မြင့်ဦး၊ ငါ ဘာဖြစ်လို့ အဲဒါကို မေ့နေရသလဲ မသိဘူး"

"ဒါဆို အဲဒီဆိုင်ကို သွားမယ်၊ ဘုန်းမြတ် ကံတရားက မင်းဘက်မှာ ရှိပါစေကွာ"

ဘုန်းမြတ်လည်း တင်မြင့်ဦးနှင့်အတူ စာပေဗိမာန်ရှေ့က စာအုပ်အဟောင်းရောင်းသည့် ဆိုင်များဘက်ဆီသို့ ခြေလှမ်းတွေကို ခပ်သုတ်သုတ်လှမ်းရင်း ထွက်လာခဲ့ကြသည်။

သုံးနှစ်တာကာလအတွင်းမှာ စာအုပ်အဟောင်းရောင်းသည့်ဆိုင်ကလေးများက ဘာမှမပြောင်းလဲ။ ပြောင်းလဲတာက ဗန်ဒါပင်တွေက ကြီးထွားလာတာ ဖြစ်သည်။

ဘုန်းမြတ်က ရည်ရွယ်နှင့်အတူ စာအုပ်ရောင်းခဲ့ဖူးသော ဆိုင်ကလေးကို လိုက်ရှာသောအခါ ဗန်ဒါပင်အောက်မှာ ဦးခေါင်းတခြမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပြောင်ပြီး မျက်မှန်တပ်ထားသူကို တွေ့ရပါသည်။

ဩော် . . . သူတောင် ဆံပင်တွေ ဟိုတုန်းကလောက် မရှိတော့ပါလားလို့၊ မှတ်လည်းမှတ်မိပါ့ဦးမလားလို့။

"အစ်ကို . . . ကျွန်တော့်ကို မှတ်မိလား"

ဘုန်းမြတ်က မေးလိုက်သဖြင့် စာအုပ်တွေကို စီနေသော ဆိုင်ရှင်က ဘုန်းမြတ်ကို ကြည့်လိုက်ရင်းက . . .

"ဘယ်မှတ်မိမလဲ ညီလေးရာ၊ အစ်ကို့ဆီမှာက စာအုပ်ရောင်းသူကော ဝယ်သူကော ရှိနေတာလေ"

"ဟုတ်တာပေါ့ လွန်ခဲ့တဲ့သုံးနှစ်က လာရောင်းခဲ့တာဆိုတော့ အစ်ကို ဘယ်မှတ်မိပါ့မလဲ"

ဘုန်းမြတ်က စာအုပ်ဆိုင်ရှင်ဖြစ်သူကို ပြန်လည်ပြောဆိုရင်းက ဖြန့်ခင်းထားသော စာအုပ်တွေကို တစ်အုပ်ချင်းစီ လိုက်ကြည့်နေမိသည်။ သို့သော် သူရောင်းခဲ့သော စာအုပ်ကို မတွေ့ရ။

"နေပါဦး ညီလေးရဲ့၊ ညီလေးက ဘာစာအုပ်လိုချင်လို့လဲ၊ ဘာကို ရှာနေတာလဲ'

"ဒီလို အစ်ကိုရာ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အစ်ကို့ဆိုင်မှာ အမျိုးသမီးတစ်ဦးနဲ့ အသုံးများသော အင်္ဂလိပ်စကားပုံများဆိုတဲ့ စာအုပ်တစ်အုပ် လာရောင်းဖူးတယ်၊ ဆိုင်က ဝယ်ပြီးပြီးချင်း လာရောင်းတာ၊ အစ်ကိုက ငွေတစ်ရာပေးတယ်၊ အဲဒီစာအုပ် အကယ်၍များရရင် ပြန်ထိုချင်လို့ပါ၊ စာအုပ်ရဲ့ အတွင်းစာမျက်နှာမှာ ရည်ရွယ်ဆိုတဲ့ နာမည်နဲ့ လက်မှတ်ပါတယ်၊ ကျွန်တော့်ရဲ့ လိပ်စာကဒ်ပေးခဲ့မယ်၊ အစ်ကိုဆက်သွယ်ပေးပါ၊ ဘယ်လောက်ပဲ ပေးရပေးရ ကျွန်တော်ပေးမယ်"

"စိတ်ချ ညီလေး၊ ဘေးနားက ဆိုင်တွေကိုလည်း အစ်ကို အသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားမယ်၊ ဒီကြားထဲလည်း ဒီဘက်ရောက်ရင် အစ်ကို့ဆိုင်ကိုလည်း ဝင်စုံစမ်း၊ လက်ဖက်ရည်ဆိုင်သွားလည်း ဒီနားတင်ပဲ၊ အစ်ကို့နာမည်လည်း မှတ်ထား၊ ကိုမြင့်တင်တဲ့၊ ဒီစာအုပ်ကို ဒီလောက်သုံးနှစ်ကြာမှ သိပ်လိုချင်နေတာ မဟုတ်မှသာလွဲမယ်၊ နှလုံးသားရေးပဲ ဖြစ်ရမယ်"

"အစ်ကိုက တော်သားပဲ၊ သွားပြီ"

စာအုပ်အဟောင်းရောင်းသူ ကိုမြင့်တင်က ရယ်ကာမောကာ ပြောဆိုတာကို ဘုန်းမြတ်က ချီးကျူးကားပြောရင်း တင်မြင့်ဦးနှင့်အတူ နောက်ကြောင်းပြန်လှည့်လာခဲ့သည်။

"ဘုန်းမြတ် မင်းရဲ့ကံ ဘယ်လောက်မင်းဘက်မှာရှိသလဲဆိုတာ ကြည့်ရဦးမှာပေါ့လေ"

ဘုန်းမြတ်အဖို့တော့ တင်မြင့်ဦးစကားကို ပြန်လည်ချေပချင်စိတ်လည်း မရှိပါ။

လွန်ခဲ့သော သုံးနှစ်က သူ့ကိုစာအုပ်ပြန်ရောင်းဖို့ ညွှန်ကြားနေသော ရည်ရွယ်၏ ပုံရိပ်တွေကိုသာ ပြန်လည်မြင်ယောင်နေမိပါသည်။ အခုတော့ ဘုရားသခင်ဝှက်ထားသည့် ကံတရားကို သူ့ခမျာ ပြန်လည်တူးဆွနေရပြီ မဟုတ်ပါလား။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူလှုပ်နိုးလိုက်တာလဲ။

နှလုံးသားတွေစမျာ

အနည်မထိုင်နိုင်လွန်းလို့

ယောက်ယက်ခတ်နေတာ

ကံတရားရယ်

မြင်စမ်းစေချင်လိုက်တာ . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ဝင်းပပတို့များ ပြောမပြောချင်ပါ။ တစ်ကိုယ်တည်းပီပီ တနင်္ဂနွေလို အားလပ်ရက်မျိုးမှာ ကိုယ့်အိမ်ထဲ ကိုယ်မနေဘဲ ရည်ရွယ့်ဆီဖုန်းဆက်ပြီး ပလာဇာတွေ Shopping ထွက်တာ သူ့ဘာသာသူတစ်ယောက်တည်း မသွား။ တစ်ခါတလေ နားနားနေနေ တစ်ရက်လောက် အနားယူချင်သည့် ရည်ရွယ့်ကို အဖော်ခေါ်လေတော့ ရည်ရွယ့်မှာ ဘာပြောလို့ရမှာလဲ။ သူလည်း ဝယ်ချင်တာဝယ် ကိုယ်လည်း ဝယ်ချင်တာ ဝယ်ရုံပဲရှိတော့သည်။

"ရည်ရွယ်ရယ် တကယ်တော့ ဒီလိုအချိန်မှာ နင်ကော ငါကော ဒီလို ရှော့ပင်ထွက်ရမှာ မဟုတ်ဘူး၊ နင်လည်း နင့်ရည်းစားဖြစ်ဖြစ် နင့်ခင်ပွန်းနဲ့ဖြစ်ဖြစ်နဲ့ အတူလာသလို ငါလည်း ဒီလိုပဲ ဖြစ်ရမှာ၊ အခုတော့ ငါတို့နှစ်ယောက်က နည်းနည်းတော့ လွဲနေသလိုပဲ"

"နင်က ကျောင်းတုန်းကတည်းက ဒါမျိုးဖြစ်ချင် ရှာခဲ့ပါလား။ အေးအေးချစ်နဲ့ သန်းသန်းဆင့်တို့ နှစ်ယောက်ကတော့ တွေ့တယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ လူတောင် မသိလိုက်ဘူး"

"သိတာ မသိတာ အသာထား၊ အဲဒီနှစ်ယောက် ကလေးတစ်ယောက်စီနဲ့ ဘယ်လောက်တောင် တာဝန်တွေ ပိနေသလဲမသိဘူး"

ပလာဇာကနေ ဈေးဝယ်ပြန်လာပြီး အအေးဆိုင်မှာ အအေးသောက်နေရင်းက ပလာဇာသို့လာသည့် လူတွေကိုကြည့်ပြီး ရည်ရွယ်နှင့် ဝင်းပပက တစ်ယောက်တစ်လှည့်စီ ပြောဆိုလို့နေစဉ်မှာ . . .

"ဟဲ့ . . . ရည်ရွယ်၊ ငါမေးပါရစေဦး၊ နင် ဘုန်းမြတ်ကို ဗေဒင်ဆရာမဆီထပ်ပြီး ဗေဒင်သွားမေးပြီးကတည်းက စုံစမ်းသေးလား"

"မစုံစမ်းပါဘူးဟာ၊ သူပေးထားတဲ့ ဟမ်းဖုန်းနံပါတ်က ပြောင်းချင်ပြောင်းနေမှာ၊ ပြီးတော့ ငါ့ဘက်က ဘာလို့စရမှာလဲ၊ ငါ့နှလုံးသားကို သူက လိမ်လည်လှည့်ဖျားသွားခဲ့တဲ့ဟာ"

"အပိုတွေ လျှောက်ပြောမနေပါနဲ့၊ ရည်ရွယ်ရာ နင်သူနဲ့ ပြန်မဆုံဖူးဆိုရင် ဘာဖြစ်လို့ ဗေဒင်မေးစရာလိုမှာလဲ၊ နင့်မသိစိတ်က ဒီနေ့ထိ ဘုန်းမြတ်ကို မမေ့သေးတာ ငါသိတယ်"

"တော်ပါ၊ သောက်မှာသာ အအေးကုန်အောင် သောက်စမ်းပါ"

ရည်ရွယ်က စကားကိုဖြတ်လိုက်ပြီး လက်ကျန်အအေးကို ကုန်အောင်သောက်လိုက်သည်။ ဝင်းပပကတော့ ဘာမှမပြောတော့ဘဲ ရည်ရွယ့်ကိုသာ အအေးသောက်ရင်းက အကဲခတ်နေသည်။

"ဟဲ့ . . . ရည်ရွယ် ဟိုမှာရှောက်ချိုသီးသည် လှည်းပါလား၊ နေဦး . . . ဝယ်လိုက်ဦးမယ်"

အအေးဆိုင်ကအထွက် တွန်းလှည်းနှင့် ရှောက်ချိုသီးသည်ကို တွေ့သဖြင့် ဝင်းပပက အားရဝမ်းသာနှင့် ပြောပါသည်။

"နင်ဟာလေ နင့်ဗိုက်က အအေးသောက်တာတောင် မဝဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွှယ်က မကျေနပ်သည့် လေသံနှင့် ပြောလိုက်ပေမယ့် ဝင်းပပက နားဝင်သလား မဝင်သလားမသိ ရှောက်ချိုသီးချဉ်ငံစပ်ကို ဝယ်နေပါသည်။

"ဒုက္ခပါပဲဟယ်၊ ရှောက်ချိုသီးဝယ်မှ ကြည့်မိတယ်၊ ငါ့မှာက ပစ္စည်းတွေဝယ်တာ ပိုက်ဆံနှစ်ရာပဲ ရှိတော့တယ်၊ ငါ့ကို ရှောက်ချိုသီး ဝယ်တဲ့ ပိုက်ဆံငါးရာစိုက်ပေးပါဦးဟာ"

ဝင်းပပက သူမပိုက်ဆံအိတ်ထဲ နှိုက်ကြည့်ပြီး နှစ်ရာတန်တစ်ရွက်ကို ကိုင်ရင်းမှ ပြောလိုက်ပါသည်။

"ဝင်းပပ . . . နင်ဟာလေ ငါဘာသာငါ နေနေတာကို ရှော့ပင်ထွက်ဖို့ခေါ်တယ်၊ အအေးတိုက်ခိုင်းတယ်၊ ဟော . . . အခုရှောက်ချိုသီး ဝယ်ကျွေးခိုင်းပြန်ပြီ၊ နင် မွဲသွားဦးမယ်"

ရည်ရွှယ်က အပြစ်တင်သလို လေသံမျိုးနှင့် ပြောရင်းမှ ပိုက်ဆံအိတ်ထဲမှ ငွေတစ်ထောင်တန်တစ်ရွက် ရှောက်ချိုသီးသည်ကို ပေးလိုက်သည်။ ရှောက်ချိုသီးသည်က ငွေငါးရာတန်အနွမ်းတစ်ရွက် ပြန်အမ်းတာ ပိုက်ဆံကို မကြည့်တော့ဘဲ ပိုက်ဆံအိတ်ထဲ ထိုးသွင်းထည့်ပြီး ရပ်ထားသော ကားရှိရာသို့ လာခဲ့ပါသည်။

ကားမောင်းထွက်လာသော ရည်ရွှယ်တစ်ယောက် ရှောက်ချိုသီးသည် ပြန်အမ်းလိုက်သော ငွေငါးရာမှာ ဘုန်းမြတ်ဆိုသည့် နာမည်နှင့် လက်မှတ်ရေးထိုးတာကို လုံးဝမသိခဲ့တာကတော့ အမှန်ပင် ဖြစ်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



လိုလူမျိုး မအားရပါ။ မြို့နယ်တကာမှာရှိသော ပစ္စည်းဟောင်းဝယ်သည့် ကုလားဆိုင်များသို့သွားပြီး စာအုပ်အဟောင်းတွေ ရွေးရသည်။ ပိုသာ ချိန်နှင့်ဝယ်ပြီး အိမ်ရောက်လျှင် မိမိဝယ်လာသည့် စာအုပ်အဟောင်းတွေ က အဖုံးမကောင်းလျှင် ကော်နှင့်ပြန်ကပ်၊ စာအုပ်ကို ရောင်းကွက်ဝင် အောင် သေသေသပ်သပ်နှင့် ပြန်ချုပ်ရ။ တစ်ခါတလေ ထိုဆိုင်မျိုးတွေဆီ ကနေ ရှားပါးစာအုပ်မျိုးတွေ ရတတ်ပြီး ပြန်ရောင်းလျှင် ဈေးကောင်းရ တတ်သဖြင့် တနင်္ဂနွေလို နေ့မျိုးကို လုံးဝလက်လွှတ်ခံလို့မရ။ ကိုယ်လို သူလိုမျိုးတွေကလည်း ရှိတော့ သူများနှင့် လက်ဦးမှုရအောင် ယူရသေး သည်။

ယခုလည်း ကိုမြင့်တင်တစ်ယောက် သာကေတမြို့နယ်အတွင်း က ပစ္စည်းအဟောင်းဝယ်သည့် ကုလားဟာရှင်တို့ဆိုင်သို့ ရောက်နေပြီး စာအုပ်အဟောင်းတွေကို ရွေးနေမိသည်။

တချို့စာအုပ်တွေက စာအုပ်ဟောင်းတွေဖြစ်ပေမယ့် စာရွက်တွေ ကို ခြကိုက်တာတွေကော တချို့စာမျက်နှာတွေကြတော့ အလယ်စာရွက် စာမျက်နှာတွေ ပြုတ်နေတာတွေ ပြနေတာနှင့် ဘယ်လိုမှ ပြန်ရောင်းလို့ မရ။

"ကိုမြင့်တင် နင်ရွေးနေတာ ဟာရှင်ကြည့်နေတယ်နော်၊ တစ်ဆိုင် လုံးကုန်တော့မယ်၊ အဟောင်းအစုတ်ဝယ်တဲ့ ဆိုင်ဆိုတာ ဘယ်လိုလုပ် စိတ်ကြိုက်ရမှာလဲ"

စာအုပ်တွေ ရွေးနေတာ နာရီဝက်ကျော်ကြာနေသဖြင့် ဆိုင်ရှင် ဟာရှင်က စိတ်မရှည်သည့် လေသံဖြင့် ပြောလိုက်သည်။

"ကိုဟာရှင် . . . ခင်ဗျားဖောက်သည်ပျက်စေချင်နေတာလား အဟောင်းထဲက အကောင်းကို ရှာရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်တင်က ဆိုင်ရှင်ကိုဟာရှင်ကို စာအုပ်တွေရွေးနေရင်းမှ သတင်းစာတွေ ထပ်ထားသော အပုံအောက်က စာအုပ်တွေကို လက်နှင့် နှိုက်ဆွဲယူရင်း စာအုပ်တွေကို တစ်အုပ်ချင်းယူကြည့်ရင်း စာအုပ်တစ်အုပ်ကို ကြည့်လိုက်သောအခါ အသုံးများသော အင်္ဂလိပ်စကားပုံများ စာအုပ်ဖြစ်နေသဖြင့် တစ်စုံတစ်ခုကို သတိရသွားပြီး စာအုပ်အတွင်းကို လှန်ကြည့်လိုက်သောအခါ ရည်ရွယ်ဆိုသည့် နာမည်ကို ရေးထားပြီး လက်မှတ်ထိုးထားသည့် စာအုပ်ကို တွေ့ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားပါသည်။

"ကိုဟာရှင် ဒီနေ့တော့ ကံထူးပြီ၊ ဒီစာအုပ်ပဲ ယူမယ်၊ ရော့ . . . ငါးရာယူ"

ကိုဟာရှင်က ကိုမြင့်တင် ဘာသဘောနှင့် သူ့လက်ထဲကိုင်ထားသော စာအုပ်ကို ငွေငါးရာပေးတာလဲဆိုတာ နားလည်ရခက်သွားသလို ပုံစံမျိုးနှင့် . . .

"ကိုမြင့်တင် . . . နင် ဘယ်လိုဖြစ်သွားတာလဲ၊ နာတော့ နားမလည်ဘူး၊ တစ်ခါဖူးမှ နင်ဒီလိုစာအုပ်ယူပြီး ငွေငါးရာပေးတာ မတွေ့ဘူး၊ အားကြီးဈေးဆစ်တာ၊ နာတော့ ဒီနေ့ထီထိုးမယ်၊ ဟာရေး ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး"

"ခင်ဗျားဘာသာ ဘာဖြစ်ဖြစ် သွားပြီဗျို့"

ကိုမြင့်တင်က ကိုဟာရှင် ပစ္စည်းအဟောင်းဆိုင်ထဲကနေ ပြေးထွက်သွားရင်း အင်္ကျီအိတ်ကပ်ထဲမှ လိပ်စာကဒ်ကို ထုတ်ကြည့်ကာ သည်လိုတနင်္ဂနွေနေ့မျိုးမှာ လိပ်စာကဒ်ထဲကလူ အိမ်မှာရှိမှာပဲ။ သည်စာအုပ်ပေးရင် ငွေများများရပြီဟုတွေးရင်း အကျေနပ်ကြီး ကျေနပ်လို့နေပါသည်။

□

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ကို မသွားချင်ပါဘူးဆိုကာမှ ဘုန်းမြတ်၏ဖခင် ဦးကောင်းမြတ်က ဆီဒိုးနားဟိုတယ်သို့သွားဖို့ အတင်းလွှတ်နေပါသည်။ လူမှုရေးအရ သွားရပေမယ့် မင်္ဂလာဆောင် ညည့်ခံပွဲခန်းမထဲမှာ မင်္ဂလာဆောင်အခမ်းအနားမှူးပြောတာတွေ နားထောင်ရ၊ သီချင်းဆိုတာတွေ နားထောင်ရနှင့် အချိန်ကုန်လို့ ဖြစ်ပါသည်။

လွန်ခဲ့သည့် သုံးနှစ်တာကာလကျော်ကျော်က ကျောင်းသားဘဝ မျိုးဆိုလျှင်တော့ တစ်မျိုးပေါ့။

အခုတော့ ကိုယ့်အလုပ်တွေက တဖက်နှင့်ဆိုတော့ ဘုန်းမြတ် သိပ်စိတ်မဝင်စားတော့ပါ။

"သား မင်္ဂလာဆောင်ကို ဒီအင်္ကျီအဝတ်အစားနဲ့တော့ မသွားနဲ့ကွာ၊ အင်္ကျီအဝတ်အစား သပ်သပ်ရပ်ရပ်လေး ပွဲထိုင်လေးဘာလေး ဝတ်သွား၊ သားက အခုဆို စီးပွားရေးလောကက လူတော်ပော်များများက ဒယ်ဒီ့သားမှန်း သိနေကြပြီ၊ မင်္ဂလာဆောင်မှာ သားရဲ့ဝတ်ပုံစားပုံကို သဘောကျတဲ့ မိန်းကလေးမျိုးကို မတွေ့ဘူးလို့ ပြောလို့မရဘူးလေ"

ယခုမှပဲ ဖခင်ဖြစ်သူ ဦးကောင်းမြတ် ဘာကြောင့်မင်္ဂလာဆောင် ညည့်ခံပွဲကို သွားခိုင်းနေမှန်း ကောင်းကောင်းကြီး သဘောပေါက်သွားပါ သည်။

"ဒယ်ဒီကလည်းဗျာ၊ မင်္ဂလာဆောင်ညည့်ခံပွဲသွားတာ ကြင်ယာ ရွေးပွဲသွားတာမှ မဟုတ်တာ"

"ဒါတော့ ဒါပေါ့ သားရယ်၊ ကဲပါ အင်္ကျီအဝတ်အစားသာ လဲသွားလိုက်"

ဦးကောင်းမြတ်က ထိုသို့သာ ပြောပြီး သူ့အခန်းရှိရာသို့ သွား ပါသည်။ သေချာတာက ကုမ္ပဏီစာရင်းဇယားတွေကို စစ်ဆေးနေမှာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပါပဲ။

ဘုန်းမြတ်လည်း ဖခင်ဖြစ်သူ စိတ်ကျေနပ်စေဖို့ အင်္ကျီအဝတ်အစားတွေဘာတွေလဲပြီး ဧည့်ခန်းထဲသို့ ပြန်ရောက်သောအခါ တယ်လီဖုန်းလာသဖြင့် ကောက်ကိုင်ရပါသေးသည်။

ဖခင်ဖြစ်သူ ဦးကောင်းမြတ်ကို ညနေရောက်လျှင် ညစာစားပွဲရှိလို့ လာခဲ့ပါဟု ဖိတ်ကြားသောကြောင့် သွားပြောရပါသေးသည်။

မင်္ဂလာဆောင်သွားဖို့ ကားတံခါးအဖွင့်မှာ ခြံစောင့်ကိုထွန်းက ခြံတံခါးဖွင့်ပေးနေပြီး ဧည့်သည်တစ်ဦးက ဘုန်းမြတ်ရှိရာသို့ ဝမ်းသာအားရပုံစံမျိုးဖြင့် လာနေသည်ကို မြင်ရသည်။

သေသေချာချာ ကြည့်တော့ စာအုပ်အဟောင်းရောင်းသည့် ကိုမြင့်တင်ဖြစ်နေပါသည်။ လက်ထဲမှာလည်း စာအုပ်တစ်အုပ်ကို ကိုင်ထားသည်။

"ညီလေးရေ ဝမ်းသာတော့ဟေ့၊ ညီလေး ရှာခိုင်းထားတဲ့ စာအုပ်ကို မထင်မှတ်ဘဲ ရလာတယ်၊ ရော့ . . ."

ဘုန်းမြတ် ဘယ်လိုပြောရမှန်းမသိအောင် ဝမ်းသာသွားပါသည်။ စာအုပ်လာပေးသူ ကိုမြင့်တင်ပေးသော စာအုပ်ကို ယူလိုက်ပြီး စာအုပ်မျက်နှာဖုံးအတွင်းပိုင်းကို ကြည့်လိုက်သောအခါ ရည်ရွယ်နာမည်နှင့် လက်မှတ်ကို တွေ့လိုက်ရသည်။

စာအုပ်က ယခုထိ မပျက်စီးသေးတာကိုပဲ ဘုန်းမြတ်က ကံတရားကို ကျေးဇူးတင်နေမိပါသည်။

"ရော့ . . . အစ်ကို တစ်သောင်းယူဗျာ"

"ကျေးဇူးပဲ ညီလေး၊ နောင်လည်း လိုတာရှိရင် ပြောနော်"

ဘုန်းမြတ်ပေးသော ငွေတစ်သောင်းကိုယူပြီး ကိုမြင့်တင်က



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရနှင့် ခြံဝင်းထဲက ထွက်သွားပါသည်။

ဘုန်းမြတ်ကတော့ ကံကို တော်တော်ယုံသွားပါသည်။ သူ့လိုပဲ ရည်ရွယ်တစ်ယောက်ကကော သူ့နာမည်နှင့် လက်မှတ်ထိုးထားသော ငွေငါးရာတန်များ လက်ထဲနေပြီလားလို့။

ကံတရားကတော့ တစ်ဝက် သူ့ဘက်မှာ ရှိနေပြီမို့ ကျန်တစ်ဝက် ရည်ရွယ့်မှာ ရှိပါစေလို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူပြောမလဲ။

မုသားတွေနဲ့ ကစားမိခဲ့လို့

မင်းနဲ့ကိုယ်နဲ့

အလွမ်းချောင်းခပ်ပါးပါးလေး

ခြားခဲ့ရပေါ့။

အခုတော့ . . .

ကံတရားက

လေပြေနှင့်အတူ

ကိုယ်တို့နှစ်ယောက်ဆီ ရောက်လာပြီ။

ချစ်သူ . . . ဒီတစ်ခါတော့

ကိုယ်တို့နှစ်ယောက် လက်တွေနဲ့

မြဲမြဲကိုင်ထားကြစို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ညတုန်းက အိပ်မက်ထဲမှာ ရည်ရွှယ်က ချောင်းသာကမ်းခြေသို့ ရောက်နေသည်။ ကျောက်ဆောင်တွေပေါ်မှာ ထိုင်ပြီး ပင်လယ်ပြင်ကြီးကို ငေးကြည့်နေတုန်း မယင်မှတ်ဘဲ ဘုန်းမြတ်က ဂီတာကိုင်ပြီး သူမနှင့် စတွေ့စဉ်ကာလက ပုံစံအတိုင်း ရောက်လာသည်။ သူမကိုလည်း ဘာစကားမှ မပြောဘဲနှင့် သူမကို သီဆိုပြဖူးခဲ့သော စိုင်းထီးဆိုင်၏ အချစ်အတွက်တဖန်မွေးဖွားခြင်း သီချင်းကို သီဆိုလို့နေသည်။ ရည်ရွှယ်က သီချင်းကို နားထောင်လို့ပြီးသည့်အခါ ဘာဖြစ်လို့ တစ်ခါတုန်းက သူမအား သီဆိုပြခဲ့သည့် ကမ်းခြေက သဲပြင်ပေါ်မှာ မဆိုတာလဲမေးတော့ ဘုန်းမြတ်က နွမ်းလျသော လေသံဖြင့် ရည်ရွှယ့်ကို လှည့်စားရာကျမှာစိုးလို့ ပြောပါသည်။ အိပ်မက်ထဲမှာ ရည်ရွှယ်ဘာကြောင့်မှန်းမသိ ဘုန်းမြတ်ကို သနားမိသွားပါသည်။

ရည်ရွှယ် ကျောက်ဆောင်တွေပေါ်ကနေ ကမ်းခြေတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားနေမိသည်။ ဘုန်းမြတ်က နောက်ကနေ ပြေးလိုက်ရင်း ရည်ရွှယ့် နာမည်ကို ခေါ်နေသည်။

ရည်ရွှယ် လဲကျသွားသည်။ ဘုန်းမြတ်က သူမကို ဆွဲထူပြီး ပွေ့ဖက်ထားသည်။

ရည်ရွှယ် ဘယ်လိုဖြစ်သွားမှန်းမသိ နှစ်ဦးသား ပွေ့ဖက်မှုများ နွေးထွေးလို့ နေသလိုပင်။

"ကံတရားနဲ့ တို့နှစ်ယောက် ကစားခဲ့ကြတာ ကံတရားက အရှုံးပေးရပြီ၊ တို့နှစ်ယောက်ချစ်ခြင်းကို ဘယ်သူက ခွဲမှာလဲ"

ဘုန်းမြတ်က ထိုသို့ပြောနေတုန်းမှာ လှိုင်းတွေက အင်အားပြင်းစွာ ရိုက်ခတ်ပြီး သူတို့နှစ်ယောက်အပေါ် ဖုံးလွှမ်းသွားသည်။

ရေတွေ . . . ရေတွေ . . . ချမ်းလိုက်တာ။

ရည်ရွှယ် အိပ်ပျော်နေရာကနေ လန့်နိုးလာပြီး ဆက်အိပ်မရတော့ဘဲ အိပ်မက်ကိုသာ ပြန်တွေးပြီး တစိမ့်စိမ့်ခံစားနေမိပါသည်။ မနက်မိုးလင်းတော့ ရည်ရွှယ် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

ရည်ရွှယ့်နှလုံးသား ချစ်မေတ္တာကို ကံတရားနှင့် မသက်ဆိုင်သူထံ မအပ်နှင်းတော့ဘူးလို့။

❑

နေက သိပ်မပူ။ မိုးသားတွေက အနည်းငယ် အုံ့မှိုင်းနေသည်။ အင်းလျားကန်ပေါင်သည် လူရှင်းလို့နေ၏။ ထိုင်ခုံတန်းလျားတွေမှာ ထိုင်သူက သိပ်မရှိ။ ကန်ရေပြင်သည် ငြိမ်သက်နေပြီး ဗေဒါပွင့်ဖတ်အချို့က ရေထဲမှာ မျောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရည်ရွှယ် . . ကိုယ့်ကို ဘာသဘောနဲ့ ဒီနေရာကို ခေါ်တာလဲ"

ကိုထွန်းမင်းလတ်က ခုံတန်းလျားမှာ ထိုင်နေသော ရည်ရွှယ့် အနားသို့ ရောက်လာရင်းက ဘာမှနားမလည်သည့် အမူအရာမျိုးဖြင့် မေးလိုက်ပါသည်။

"အကြောင်းရှိလို့ပါ ကိုထွန်းမင်းလတ်"

"ဘယ်လိုအကြောင်းလဲ ရည်ရွှယ်ရယ်"

"နေဦး . . . ရည်ရွှယ် ပြောပြမယ်"

ရည်ရွှယ်က ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး ပိုက်ဆံအိတ်ထဲကနေ စိန်လက်စွပ်ကို ထုတ်လိုက်သည်။

"ဒီလက်စွပ်ကို ပြန်ယူသွားပါ ကိုထွန်းမင်းလတ်၊ ရည်ရွှယ်လေ ရည်ရွှယ့်နှလုံးသားကို ညာလို့မရဘူး၊ ကံတရားကြောင့် ရည်ရွှယ်ချစ်သူ ရှိခဲ့ဖူးတယ်၊ အဲဒီကံကြောင့် ချစ်သူက ရည်ရွှယ့်ကို လှည့်စားလျက်တယ် ဆိုပြီး သူ့ကိုမုန်းခဲ့တယ်၊ ဒါပေမယ့် နှစ်တွေသာ ကြာလာတယ်၊ ရည်ရွှယ် သူ့ကိုမေ့လို့မရဘူး၊ ရည်ရွှယ် သူ့ကိုမေ့လို့မုန်းလို့ မရဘူးဆိုတာ ညက အိပ်မက်မက်တော့မှ ပိုသိရတာ၊ ရည်ရွှယ့်ကို နားလည်ပေးပါ၊ အချစ်မပါ ဘဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ရင် အမှားတွေဖြစ်ကုန်မယ်၊ ရည်ရွှယ် နဲ့ သူနဲ့က ကံကြမ္မာနဲ့ လောင်းကြေးထပ်ကစားပွဲတစ်ပွဲ လုပ်ထားတယ်၊ ရည်ရွှယ်ယုံပါတယ်၊ ကံတရားက ဖန်တီးပေးပြီး ပြန်ဆုံပေးမယ်လို့၊ ဘယ် နေရာမှာ ဆုံဆည်းရမလဲဆိုတာတော့ ရည်ရွှယ် မပြောတတ်ဘူး"

ရည်ရွှယ်က ကိုထွန်းမင်းလတ်လက်ထဲ လက်စွပ်ကို ပြန်ပေးလိုက် သည်။

"စိတ်ချပါ ရည်ရွှယ်၊ ကိုယ်က ဘယ်တော့မှ ကိုယ့်ဆန္ဒကို ရှေ့ တန်းတင်တတ်တဲ့ ယောကျ်ားမဟုတ်ပါဘူး၊ ဒီတော့ ရည်ရွှယ်မျှော်မှန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံတရားအတိုင်းဖြစ်ပါစေလို့၊ ကိုယ့်ကို ခွင့်ပြုပါဦး”

ကိုထွန်းမင်းလတ်က ရည်ရွယ့်အနားကနေ ထွက်ခွာသွားသည်။ ရည်ရွယ်က သူမစိတ်ထဲရှိသည့်အတိုင်း ရင်ဖွင့်လိုက်ရပြီမို့ ကျေနပ်သွားရင်းက ပွင့်နေသော ပိုက်ဆံအိတ်ကို ပိတ်မလိုအလုပ်မှာ စောစောက စိန်လက်စွပ် ပိုက်ဆံအိတ်ထဲကထုတ်စဉ် ပိုက်ဆံတွေ မသေမသပ် ဖြစ်နေသဖြင့် ပိုက်ဆံတွေ ပြန်စီမည်ဟု ပိုက်ဆံတွေကို ထပ်နေတုန်း မထင်မှတ်ဘဲ ငွေငါးရာတန်အဟောင်းတစ်ရွက်မှာ စာရေးထားတာ တွေ့သဖြင့် ကြည့်လိုက်သောအခါ ဘုန်းမြတ်ဆိုသော နာမည်နှင့် လက်မှတ်ထိုးထားသည်ကို ဝမ်းသာအံ့အားသင့်စွာ တွေ့လိုက်ရသည်။

ဘယ်လိုလုပ် သည်ငွေငါးရာတန်က သူမပိုက်ဆံအိတ်ထဲ ရောက်နေရသလဲမသိ။ ငွေငါးရာတန်ကို လက်ကကိုင်ရင်း ရည်ရွယ်ပျော်နေပါသည်။ ကံတရား၏ ဆန်းကြယ်ပုံကို ရည်ရွယ် ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ သူမဆီမှာ သည်လိုငွေငါးရာတန်ရောက်လာပြီဆိုတော့ သူမနာမည်နှင့် လက်မှတ်ထိုးထားသည့် စာအုပ်ကကော . . .

သူမ ဆက်မတွေးတော့ပါ။ ငွေငါးရာတန်မှာ ရေးထားသော နာမည်နှင့်လက်မှတ်ကိုသာ တစိမ့်စိမ့်ကြည့်နေမိပါသည်။

❑

မင်္ဂလာညှော်ခံပွဲ မြန်မြန်ပြီးပါစေလို့ ဘုန်းမြတ်ခမျာ ဆုတောင်းရတာ မင်္ဂလာဆောင်ပွဲပြီးမှပဲ သက်ပြင်းချနိုင်ပါတော့သည်။ မင်္ဂလာဆောင်ကနေ ဘုန်းမြတ် ကားကိုအမြန်မောင်းပြီး ထွက်လာခဲ့သည်။ ဘယ်ကိုသွားရမည်လဲ စိတ်ထဲက မဝေခွဲတတ်။ နောက်ဆုံး အင်းလျား



www.burmeseclassic.com

www.burmeseclassic.com



ကန်ပေါင်ရိုးက ခုံတန်းလျားမှာထိုင်ပြီး ကံကောင်းထောက်မစွာ ရခဲ့သော ရည်ရွှယ့်နာမည်နှင့် လက်မှတ်ထိုးထားသော စာအုပ်လေးကိုပဲ လွမ်းတသသဖြင့် ကြည့်ရင်း ခံစားတော့မည်ဟု . . .။

အင်းလျားကန်ပေါင်ရိုးတစ်လျှောက် လမ်းလျှောက်လာသော ဘုန်းမြတ် မည်သည့်နေရာမှာ ထိုင်ရလျှင်ကောင်းမည်လဲလို့ ခုံတန်းလျားတွေလျှောက်ကြည့်နေမိသည်။

ဘုန်းမြတ် ခုံတန်းလျားတစ်လုံးမှာ ထိုင်နေသော အမျိုးသမီးတစ်ဦးကို မြင်ဖူးပါသည်ဟု ကြည့်မိသည့်အခါ ရင်တွေခုန်သွားပါသည်။ ရည်ရွှယ်တစ်ယောက် ဘယ်လိုဖြစ်လို့ သည်နေရာကို ရောက်နေရသလဲလို့။

လွန်ခဲ့သော သုံးနှစ်တာကာလတုန်းကအတိုင်း ရည်ရွှယ်သည် ဘာမှမပြောင်းလဲ။ လှတုန်းပတုန်းပင်။

"ရည်ရွှယ် . . . ရည်ရွှယ်"

ဘုန်းမြတ် ခေါ်လိုက်သံကြောင့် ရည်ရွှယ်က လှည့်ကြည့်ရင်း အံ့အားသင့်တုန်လှုပ်သွားပါသည်။

"ဘုန်းမြတ် . . . ဘုန်းမြတ် . . . ရှင် ဒီကိုဘယ်လိုလုပ် ရောက်လာတာလဲ"

"အဲဒါတွေ မမေးနဲ့ဦး . . . ရော့၊ ဒီနေ့မှ ဒီစာအုပ်အဟောင်းကို ပြန်ရတာ ကြည့်ပါဦး . . . ရည်ရွှယ်"

ဘုန်းမြတ်က ရည်ရွှယ့်လက်ထဲ သူယူဆောင်လာသော စာအုပ်ကို ပေးလိုက်သည်။ ရည်ရွှယ်ကလည်း စာအုပ်အဖုံးကို ဖွင့်ကြည့်သောအခါ သူမလက်မှတ်နှင့်နာမည်ကို တွေ့လိုက်ရသဖြင့် မျက်နှာမှာ ဝင်းပသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ဒါကကော"

ရည်ရွယ်က သူမလက်ထဲမှာ ရှိနေသော ငွေငါးရာတန်ကို ဘုန်းမြတ်အား ကမ်းပေးလိုက်သဖြင့် ဘုန်းမြတ်က ကြည့်လိုက်သည့်အခါ သူနာမည်နှင့်လက်မှတ်ကို တွေ့ရသည်။ သုံးနှစ်တာကြာပြီဆိုတော့ မှင်အရောင်က ဖျော့တော့လို့နေသည်။

"ရည်ရွယ် . . . ကံတရားကို ဘယ်လိုပဲ အပြစ်စကားဆိုဆို ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းကို ဥပေက္ခာပြုလို့ မရတော့ပါဘူး၊ ရည်ရွယ်က ကျွန်တော့်ကို ဘယ်လောက်အညှိုးကြီးပါလေ့စေ၊ ကျွန်တော်က ရည်ရွယ့်အပေါ်ထားရှိတဲ့ မေတ္တာကို ကံကချေဖျက်လို့ မရပါဘူး၊ ရည်ရွယ်နဲ့ကျွန်တော် မတွေ့ကြတော့တဲ့ အချိန်ကစလို့ ဘဝကို လူသစ်စိတ်သစ်နဲ့ ကျွန်တော်စခဲ့ပါတယ်၊ အဲဒါ ရည်ရွယ့်ရဲ့ လှုံ့ဆော်မှုတွေပေါ့"

"ထိုင်ပါ . . . ရှင်ချည်းပဲ ပြောမနေနဲ့ဦး၊ ကျွန်မလည်း ပြောပါရစေဦး"

ရည်ရွယ်က ထိုင်ခိုင်းသဖြင့် ဘုန်းမြတ်က ရည်ရွယ့်အနား ဝင်ထိုင်လိုက်သည်။

"ကျွန်မရဲ့ ဖူးစာဖက်ဟာ ရေနဲ့အနီးအနားမှာ တွေ့ရမယ်ဆိုလို့ ရှင်နဲ့ချောင်းသာကမ်းခြေမှာ တွေ့ရတယ်၊ ပြဿနာတွေဖြစ်ပြီး ဝေးကြတယ်၊ ဟော . . . အခုမထင်မှတ်ဘဲ ရေတွေရှိတဲ့ အင်းလျားကန်ပေါင်ရိုးမှာ တွေ့ရပြန်ပြီ၊ ကျွန်မနှလုံးသားကို ကျွန်မ မညာတော့ဘူး၊ ကျွန်မမသိစိတ်က ရှင့်အပေါ် မုန်းခဲ့ပေမယ့် ရှင့်ကို ဘယ်လောက်မြတ်နိုးခဲ့တယ်ဆိုတာ ညက အိပ်မက်မက်မှပဲ သိတော့တယ်"

"ဘယ်လိုအိပ်မက်လဲ ရည်ရွယ်ရဲ့၊ ပြောပြပါလား"

ရည်ရွယ်က လက်ထဲမှာကိုင်ထားသည့် စာအုပ်လေးကို ရှင်



www.burmeseclassic.com

www.burmeseclassic.com



ခွင်မှာပိုက်ထားရင်းက ညကမက်ခဲ့သည့် အိပ်မက်ကို ပြန်ပြောပြ သည်။

"ကံတရားနဲ့ လောင်းကြေးထပ်ကစားခဲ့တဲ့ ကျွန်တော်ဝ ယောက်ရဲ့ ကစားပွဲက အခုချိန်မှာ ပြီးခဲ့ပြီ၊ ရည်ရွှယ် နောက်ထပ်ငွ ယုံစရာမလိုတော့ပါဘူး၊ မုန်းသံသယတွေကိုလည်း ဟောဒီအင်းလျား ထဲမှာ ထားခဲ့တော့၊ ကဲ . . . ကျွန်တော့်လက်ကိုကိုင်ပြီး ထလိုက်ပါ့

ရည်ရွှယ်က မငြင်းသာပါ။ ဘုန်းမြတ်လက်ကိုဆွဲပြီး ထိုင်ရာ နေ ထလိုက်ပါသည်။

"ရည်ရွှယ့်လက်ကိုကိုင်ပြီး ဘဝခရီးကိုဖြတ်သန်းမယ်၊ မှုသ စကားတွေ ဘဝတစ်လျှောက်လုံး ရည်ရွှယ် မကြားစေရပါဘူး၊ မှုသ တစ်ခါပြုမှုမိခဲ့လို့ သုံးနှစ်ကျော်ကြာ ခံစားခဲ့ရပြီးပါပြီ၊ ရှေ့ဘဝခရီးမှာ မထင်မှတ်ဘဲ ရောက်လာတဲ့ ကံတရားကို ကျွန်တော်တို့နှစ်ယောက် လက် တွေနဲ့ အမိဖမ်းယူထားပြီး ရည်ရွှယ်မျှော်လင့်ထားသလို ဥရောပဆန်တဲ့ အိမ်ကလေးရယ်၊ ဝဝကစ်ကစ် သားလေးတစ်ယောက်နဲ့ ဆံပင်ရှည်ရှည်နဲ့ သမီးလေးတစ်ယောက် ဘဝမျိုးရအောင် စွမ်းဆောင်ကြတာပေါ့"

"ကြည့်စမ်း . . . ဘုန်းမြတ်က ဒီစကားတွေ အခုထိ အလွတ်ရ နေတာပဲ"

"ဒါက ရည်ရွှယ့်ကို မြတ်နိုးမှုတော့ ချစ်သူ့စကား အလွတ်စွဲ မှတ်ထားရတာပေါ့"

"သွားပါ . . . လိမ်တုန်းက လိမ်ပြီး"

ရည်ရွှယ်က ဘုန်းမြတ်လက်မောင်းကို ကိုင်ထားရင်းမှ ဗိုက် ခေါက်ကို လိမ်ဆွဲပါသည်။ ဘုန်းမြတ်က နာချင်ယောင်ဆောင်ပြီး အော် တာကို ရည်ရွှယ်က သဘောကျပြီး ရယ်မောလို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ ဘုန်းမြတ်နှင့် ရည်ရွှယ်တို့ ဘဝတစ်သက်တာ
ယ်မောပျော်ရွှင်သံတွေချည်းပဲ ရှိနေတော့မည်ဆိုတာပါပဲ။
ဘုန်း( ကံကြမ္မာဆိုးတွေက ကျိန်စာသင့်ရာမှ လွတ်မြောက်ခဲ့ပြီ မဟုတ်
သူနား။ အပျော်ဆုံးကတော့ ရည်ရွှယ်ဖြစ်ပါလိမ့်မည်။ သူမ မျှော်လင့်ထား
အငွေ့တွေက ဖြစ်ခဲ့၊ ထပ်မံဖြစ်လာဦးမည်ဆိုတာကတော့ အမှန်ပင် ဖြစ်ပါ
ပြသည်။

ကျွန်း
ရည်
က
ရ

ပဒ္မမဲဒီရှိုင်း

BURMESE CLASSIC .com

၁၁



www.burmeseclassic.com